## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည်ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**



# မြဝတီ

နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၂)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



### ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရမည့် Grade-12 ကျောင်းသား/ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို

စာ - ၁၁ သို့

**ဆောင်းပါး**

### မြန်မာ့အခြေခံစီးပွားရေး ကြိမ်ထည်ထုတ်ကုန်

စာ - ၁၃ သို့


# ပေါင်းတည်မြို့နယ်၌ မိုးစပါးဧက ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီကျော်လွန်အောင် ဆောင်ရွက်လျက်ရှိ



**ပေါင်းတည် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက် မိုးစပါး ၇၃၅၁၄ ဧကလျာထားစိုက်ပျိုးလျက်ရှိပြီး ယနေ့အထိ ၂၃၁၂၄ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရှိရသည်။

ယခုနှစ်မိုးစပါးကို ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ နှင့်အထက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ တောင်သူများ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ ဖြည့်ဆည်းကူညီ၍တောင်သူအသိပညာပေးဆွေးနွေးပွဲများ၊ အစေ့ချကိရိယာ(Drum Seeder)နှင့် ကောက်စိုက်စက်အမျိုးမျိုးဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းသရုပ်ပြပွဲများ ပြုလုပ်ကာ **စာမျက်နှာ ၃ ကော်လံ ၁** ■




## အထူးမိုးလေဝသသတင်း

### အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း **စာမျက်နှာ ၁၅ ကော်လံ ၁** ◆



# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၉ ရက်)

## အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်ကြစေ

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်ကအင်အားပြင်းထန်သော ငလျင်ကြီးတစ်ခုလှုပ်ခတ်ခဲ့သည်။ အဆိုပါငလျင်ကို မန္တလေးငလျင်ဟုမှတ်တမ်းတင်သည်။ မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများပျက်စီးသွားခဲ့သည်။ အဆိုပါအဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများပြန်လည်ဖြေဆိုခြင်းကို ဇွန်လ ၁၆ ရက်မှစတင်ကျင်းပပေးသည်။ သတ်မှတ်ထားသည့်မြို့နယ်များရှိကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဝင်ရောက်ဖြေဆိုလျက်ရှိသည့် မြင်ကွင်းများကိုမြင်တွေ့ရသည်။

ထိုသို့လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ကျဆရာ၊ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီး၌စာမေးပွဲဖြေဆိုရန် လိုအပ်သည့်အချက်အလက်များနှင့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပေးပြီး စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေ့စဉ်လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုအပ်သည်များကိုကြီးကြပ်ဆောင်ရွက်ပေးကာ စနစ်တကျဖြင့် စိတ်ချမ်းမြေ့စွာဖြေဆိုနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ စာမေးပွဲဖြေဆိုရာတွင်လိုအပ်သည့် ကျောင်းသုံးစာရေးကိရိယာများကိုလည်း သက်ဆိုင်ရာစာစစ်ဌာနများတွင် အဆင်သင့်ဆောင်ရွက်ပေးထားသည်။

အဓိကအားဖြင့်စာစစ်ဌာနများတွင် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အချိန်ပြည့်ပေးထားပြီးဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပထမအကြိမ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဖြေဆိုမှုစိတ်တိုင်းမကျဖြစ်ခဲ့ပါက ယခုအကြိမ်တွင်မိမိအတွက်အခြေအနေကောင်းများဖန်တီးနိုင်ပြီဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူစာဖြေသူများအတွက် လိုအပ်ချက်မရှိအောင်ဖြည့်ဆည်းပေးထားသည့်အတွက် မိမိတို့တစ်ဦးချင်းကရိုးသားစွာကြိုးစားဖြေဆိုကြရန်ဖြစ်သည်။

လူသားတိုင်းသည် အမိရင်ခွင်မှမွေးဖွားကြီးပြင်းလာပြီးနောက် သတ်မှတ်အရွယ်ရောက်သည့်အခါ ပညာသင်ကြားကြရမည်ဖြစ်သည်။ သားသမီးတိုင်းကို မိဘထက်သာလွန်သောသူများဖြစ်စေချင်သည်မှာ မိဘတိုင်း၏ဆန္ဒဖြစ်သည်။ မိမိတို့သားသမီးများသည်ကျောင်းနေအရွယ်ရောက်လာပါက မိဘများအနေဖြင့် မဖြစ်မနေကျောင်းသို့လာရောက်အပ်နှံပေးကြရမည်ဖြစ်သည်။ စီးပွားရေးအခြေအနေအရကျောင်းမအပ်နိုင်ခြင်းမျိုး မဖြစ်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အခမဲ့ပညာရေးစနစ်ကိုကျင့်သုံးပေးလျက်ရှိသည်။

အတန်းပညာတတ်မြောက်မှုအားနည်းသော၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းသောအခါ လူငယ်အချို့သည် အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်တတ်ကြသည်။ ထို့ကြောင့် မိသားစုအတွက်မျက်နှာငယ်စရာ၊ အရှက်ရစရာကောင်းသောသားသမီးဖြစ်လာမည်။ နိုင်ငံတော်အတွက် အဖိုးမတန်၊ တန်ဖိုးမဲ့သောနိုင်ငံသားများဖြစ်လာပေလိမ့်မည်။ ပညာမတတ်က အသိဉာဏ်ထက်သန်လိမ့်မည်မဟုတ်ပေ။ မိမိနေထိုင်သည့်ပတ်ဝန်းကျင်တွင် ချို့တဲ့စွာနေထိုင်ရခြင်းမျိုးဖြစ်လာသည့်အခါ အရာရာကို အဆိုးမြင်စိတ်ဖြင့်ကြည့်မြင်လာသည်။ ရပ်ကွက်၊ ကျေးရွာအတွက်ကောင်းကျိုးမပြုနိုင်ဘဲ ဆိုးကျိုးသာပွားများလာလျှင် "ရှေးသရောအခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးသား" ကဲ့သို့ လူဖြစ်ရှုံးတော့မည်ဖြစ်သည်။ ထို့ကြောင့်မိဘများကသားသမီးကို ပညာတတ်အောင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၁ ရက်က ပြင်ဦးလွင်ခရီးစဉ်အတွင်း **"ကလေးငယ်များအား မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့်အချိန်များသဖြင့် ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမပေးမှုကိုပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဘူးသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုအောက်တွင်နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့်မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း"** လမ်းညွှန်ပြောကြားခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားသည့်အရွယ်တွင် သတ်မှတ်ထားသည့်အတန်းများအလိုက် အောင်မြင်အောင်သင်ကြားကြရမည်ဖြစ်သည်။ အောင်မြင်သူအတွက်အခွင့်အလမ်းဆိုသည်မှာ အသင့်ရှိထားပြီးဖြစ်သည်။ ဥပမာအားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပါက မိမိတို့ဝါသနာပါသည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုသို့တက်ရောက်ရန် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့်ကြိုးစားကြရမည်ဖြစ်သည်။ သူများထက်ပို၍တော်လိုလျှင် သူများထက်ပိုမိုကြိုးစားရမည်ဖြစ်သည်။ လူငယ်တိုင်းရည်မှန်းချက်ကိုယ်စီထားရှိကာ အောင်မြင်စွာကြိုးစားကြမှသာ မိမိတို့၏လူမှုစီးပွားဘဝမြင့်မားနေမည်ဖြစ်သည်။ ထို့ကြောင့်၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရည်မှန်းထားသည့်ပန်းတိုင်လှမ်းကိုင်နိုင်ရေး စာမေးပွဲကိုအောင်မြင်စွာဖြေဆိုကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## မျိုးစပါး သွင်းအားစုပေးအပ်ပွဲကျင်းပ

မြိတ် ဇွန် ၁၈

မိုးစပါးစိုက်ပျိုးရေးမြစိမ်းရောင်စီမံကိန်း(သမဝါယမကဏ္ဍ)မှ မြိတ်မြို့နယ်အတွင်းရှိ စိုက်ဧက ၁၅၇၄ အတွက် တစ်ဧကအထွက်နှုန်းတိုးစေရန် ငွေကျပ်သန်း ၃၁၄ ဒသမ ၈ နှင့်ညီမျှသော မျိုးစပါး၊ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးသောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းမိုးက မျိုးစပါးသွင်းအားစုများပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းခြောက်သင်းမှ အသင်းသားတောင်သူ ၁၅၃ ဦးတို့အား မျိုးစပါးနှင့်ဓာတ်မြေဩဇာများကို မြိတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးသောင်းအေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းမိုးနှင့် တာဝန်ရှိသူများက ပေးအပ်ကြောင်းသိရသည်။ (၄၁၂)

## ကျိုက်မရောမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်လှုပ်ရှားမှု ဆောင်ရွက်

ကျိုက်မရော ဇွန် ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ကို ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် ရေတွင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(မဟာမြိုင်)၌ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းအသိပညာပေးဟောပြောပြီး ကလေးအလုပ်သမားပပျောက်ရေး၊ အသိပညာပေးနှင့် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာမှတ်သား ကြည့်ရှုကြကြောင်းသိရသည်။ (၄၀၆)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| | | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၁၀:၀၀ | သာယာသီကြွေး |
| | | ခေတ်ဆန်းတေး |
| ၄။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ |
| | | ခေါင်းဆောင်မှု |
| | | မြန်မာသံစဉ် ချိုနားဝင် |
| ၆။ | ၁၃:၀၀ | ဝေမျှဆွေးနွေး |
| | | လူငယ့်အရေး |
| ၇။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာ အနုပညာ |
| ၈။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၉။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| | | ကျင့်ကြံပွားများလိုက်နာစရာ |
| | | (၃၈)ဖြာမင်္ဂလာ |
| ၁၀။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ |
| | | လမ်းလျှောက်ကြပါစို့ |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၈:၄၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၃။ | ၁၈:၅၀ | စိုက်ပျိုးသုတ |
| ၁၄။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| | | **ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား** |
| | | **(ပထမပိုင်း)** |
| | | **သရုပ်ဆောင်- ကျော်ဟိန်း၊ မေသန်းနု** |
| | | **ဒါရိုက်တာ စင်ရော်မောင်မောင်** |

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၆-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ကေခိုင်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုနေသည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသား၊ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စာမေးပွဲကာလအတွင်း အနှောင့်အယှက်များ၊ အခက်အခဲများမရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မင်္ဂလာကန် ကန်ပတ်လမ်းအား ပြန်လည်ပြုပြင်မှု၊ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း၊ ရာဇသင်္ဂဟလမ်း၊ ဇေယျဌာနီလမ်း၊ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းနှင့် ဥတ္တရသီရိမြို့နယ် မန္တလေးလမ်း၊ သီရိရတနာလမ်းများ၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးကျောက်များ သတ်မှတ်အရွယ်အစားအတိုင်းအသုံးပြုရေး၊ လူအင်အားနှင့် စက်ယန္တရားများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ တမံပြန်လည်ပြုပြင်နေမှု၊ ရေထုတ်ပြွန်အား စက်ကိရိယာများဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ အရေးပေါ်ရေပိုလွှဲတူးဖော်ဆောင်ရွက်နေမှု၊ ယာယီရေတားတမံတည်ဆောက်နိုင်ရေးအတွက် ချဉ်းကပ်လမ်းမြေဖို့ခြင်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရေပြင်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**လွိုင်ကော် ဇွန် ၁၈**

ကယားပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရေပြင်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် နောင်ယားကန်၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စက်လှေမောင်းသင်တန်းအမှတ်စဉ်(၁/၂၀၂၅)သို့ တက်ရောက်ထားသော မီးသတ်တပ်ဖွဲ့ဝင်များက စက်လှေမောင်းစွမ်းရည်ပြသခြင်း၊ Life Buoy အဝေးထိန်းခလုတ်ဖြင့်လက်တွေ့မောင်းနှင်ခြင်း၊ Life Buoy စီးနင်းမောင်းနှင်ခြင်း၊ ရေကြီးမှုများကြောင့် သွားလာမရသောတစ်ဖက်ကမ်းမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခြင်း၊ ပြည်သူများအား အသက်ကယ်လှေ၊ အသက်ကယ်ဘောကွင်း၊ Life Buoy အသုံးပြု၍ ကယ်ဆယ်ခြင်း စသည့် လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရေပြင်ကယ်ဆယ်ရေးလက်တွေ့သရုပ်ပြသခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ခရိုင်မီးသတ်ဦးစီးမှူးကလည်းကောင်း၊ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ကိုယ်စားလှယ်များကလည်းကောင်း လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဥစားကြက်ခြံနှင့် နို့စားနွားမွေးမြူရေးခြံများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး ဇွန် ၁၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်ရှိ ဦးသောင်းကြည်၏ ဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကြီးအကောင်ရေ ၉၈၁၀၀၀၊ ဥစားကြက်ကြက်လတ်၊ ဥစားကြက်ငယ်ကောင်ရေ ၆၅၀၀၀ မွေးမြူထားရှိမှု၊ ကြက်ခြံ၊ အစာစပ်စက်ရုံနှင့် ငါးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောခရိုင် ဟဲဟိုးမြို့ ပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းဘေးရှိ မျိုးချစ်နို့စားနွားခြံ၌ သုံးနှစ်အောက်နို့စားနွားအမလေးကောင်၊ သုံးနှစ်အထက်အထီးနှစ်ကောင်၊ အမ ၂၆ ကောင် စုစုပေါင်း ၃၂ ကောင်မွေးမြူထားရှိမှု၊ ဒိန်ချဉ်ထုတ်လုပ်သည့်စက်ရုံ၊ ခြံဝင်းအတွင်း မွန်ဘားစားနှင့် နေပီယာမြက်မျိုးများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

မျိုးချစ်နို့စားနွားခြံ၌ နို့ပေးနွားမ ၁၄ ကောင်မှ တစ်ရက်နို့ပိဿာချိန် ၈၀ ခန့် ထွက်ရှိပြီး နို့ထွက်ပစ္စည်းများအဖြစ် ဒိန်ချဉ်၊ အသင့်သောက်နို့၊ ထောပတ်၊ အဆီထုတ်နို့၊ နို့ခဲများပြုပြင်ထုတ်လုပ်၍ တောင်ကြီး၊ နောင်တရား၊ ပင်လောင်း၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရပ်စောက်၊ ညောင်ရွှေ စသည့်မြို့တို့သို့ ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် တိရစ္ဆာန်အစာအတွက် ခြံအတွင်း ကိုယ်တိုင် နေပီယာ ၂ ကေနှင့် မွန်ဘားစား တစ်ကေခန့် စိုက်ပျိုးထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



■ **ပေါင်းတည်မြို့နယ်မှ**

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းနိုင်ရေးတို့အတွက် လျာထားဧကထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဖြစ်ထွန်းနိုင်ရေး တောင်သူများနှင့်ပူးပေါင်းကြိုးပမ်းလျက်ရှိသည်။

စိုက်ပျိုးရန်ကျန်ရှိသော စိုက်ဧကများကို အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးပြီးစီးနိုင်ရေးနှင့် ယခုကာလတွင်စိုက်ပျိုးပြီး စပါးပင်နုများအား ကိုက်ဖြတ်စားသောက်တတ်သည့် ရွှေခရုအန္တရာယ် ကာကွယ်ရေးအတွက် စိုက်ခင်းများအတွင်း ရှာဖွေသုတ်သင်နိုင်ရေးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုက်လံဆော်ဩဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**

## ဘားအံမြို့ ဈေးများ၌ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် ပညာပေးသရုပ်ပြ

**ဘားအံ ဇွန် ၁၈**

ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ပြီး သယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရေး၊ အန္တရာယ်ကင်းသည့်စွန့်ပစ်မှုများဖြစ်စေရေးအတွက် ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ စွန့်ပစ်အမှိုက်များ ခွဲခြားစွန့်ပစ်မှုပညာပေးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ပေါ်ဈေးများတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မဈေးကြီးနှင့် အမှတ်(၁)အဆင့်မြင့်စံပြဈေး၊ အမှတ်(၅)ရပ်ကွက်ရှိ မာန်အောင်ဈေး၊ အမှတ်(၆)ရပ်ကွက်ရှိ သီရိဈေးတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ဈေးသူ၊ ဈေးသားများနှင့်ဒေသခံပြည်သူများကို အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေး၍ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းသည် သိမ်းဆည်းမှုကို လွယ်ကူစေသည့်အပြင် အကျိုးရှိအောင်ပြန်လည်အသုံးပြုနိုင်ပုံများနှင့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိအမှိုက်ဟူ၍ အမျိုးအစားအလိုက်ခွဲခြားစွန့်ပစ်တတ်စေရန် ပညာပေး ဆွေးနွေးဟောပြောခဲ့ကြပြီး ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများနှင့် ဒေသခံပြည်သူများကို စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုကို သရုပ်ပြသစွန့်ပစ်စေရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါဈေးများအတွင်း ဈေးသူ၊ ဈေးသားများနှင့် ဒေသခံပြည်သူများ၏ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ဥအမျိုးမျိုး၊ အဝတ်အထည် အစရှိသော လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

ဤသို့ဖြင့် ဇန်နဝါရီလကုန်အထိ နေမိသောအခါ ကျွန်ုပ်၏ဦးခေါင်းသည် မည်သို့ဖြစ်သည်မသိ။ တစ်ချက်တစ်ချက်၌ ပေါက်ကွဲတော့မည့်အလား ချွတ်ခနဲ ဆတ်ခနဲ မြည်သလိုထင်မိ၏။ ကိုခင်မောင်တင့် ကျန်းမာခဲ့လျှင် ကျွန်ုပ်သည် ဤဒုက္ခမျိုးကိုခံဖို့ အသင့်ပြင်ဆင်ထားခဲ့သော်လည်း ယခုကား မခံနိုင်သဖြင့် လက်မြှောက်ရချေတော့မည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကိုခင်မောင်တင့်၏ ညီအရင်းဖြစ်သူ ခင်မောင်ဆင့်ထံသို့သွား၍ အခြေအနေကိုပြောပြရာ ခင်မောင်ဆင့်လိုက်လာ၍ သူ့အစ်ကိုအား သင်္ဘောပေါ်သို့ တင်ပေးကာ ဟသ်ာတသို့ပို့လိုက်ပေသည်။ ကိုခင်မောင်တင့်ကိုကြည့်ရသည်မှာ ရောဂါအတွက် ဝမ်းနည်းခြင်းထက် မူလအစီအစဉ်အတိုင်း နှစ်ယောက်သားအတူတကွ မနေလိုက်ရခြင်းအတွက် ဝမ်းနည်းနေပုံရသည်။ ကျွန်ုပ်ကား အကြီးဆုံးသောသားဖြစ်၍ အစ်ကိုတစ်ယောက်အား ချစ်ခင်ကြပုံကို နားမလည်သော်လည်း ကျွန်ုပ်၌အစ်ကိုရှိခဲ့လျှင် ကိုခင်မောင်တင့်ထက်ပိုပြီးချစ်ခင်တတ်လိမ့်မည်မထင်ပါ။

ကျွန်ုပ်၏ဝါသနာတစ်ခုမှာ တစ်စုံတစ်ခုကို ယနေ့လုပ်ဖို့ ဆုံးဖြတ်ထားလျှင် ယနေ့လုပ်ရမှ ကျေနပ်တတ်၏။ ထိုအချိန်၌ ကျွန်ုပ်၏အိတ်ထဲတွင် ငွေ ၃၀ ကျပ်ခန့်မျှရှိရာ နောက်နေ့တွင် လကုန်မည်ဖြစ်၍ တစ်ရက်ဆိုင်းလိုက်လျှင် ဇန်နဝါရီလအတွက် လခရမည်ဖြစ်၏။ သို့နှင့်လည်း တစ်ရက်မဆိုထားဘိ။ တစ်နာရီမျှပင် ရန်ကုန်၌ နေချင်စိတ်မရှိတော့ချေ။ သို့ဖြစ်၍ အဖြစ်အပျက်နှင့် ကျွန်ုပ်၏စိတ်အခြေအနေကို ဦးဘကလေးထံသို့စာရေး၍ စာတိုက်၌ ထည့်ခဲ့ပြီးလျှင် ကသာသို့ ပြန်ပြေးလာခဲ့ပါတော့သည်။

### ရုံးချိန်းက တစ်ဖက်

ဇရစ်ချောင်သို့ရောက်၍ ကိုသိန်းဖေတို့ အိမ်သားများနှင့်မစိုးအား ကျွန်ုပ်၏ ရန်ကုန်ကိုယ်တွေ့ကို ပြောပြလေရာ အလွန်အံ့သြကြသည်။ ကိုသိန်းဖေကမူ "ခင်ဗျားတို့ တော်တော်ဆတ်ဆော့တဲ့ လူနှစ်ယောက်ပဲ၊ ဗုံးတွေကြားထဲသွားပြီး အလုပ်လုပ်စားရမယ်ဆိုရင် ဒီမှာပဲဖြစ်တတ်သလို စားနေကြရောပေါ့ဗျာ"ဟု ပြော၏။ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့နှစ်ယောက်၏စိတ်ကူးမှာ (အမှန်အတိုင်းဝန်ခံရလျှင်) ဝမ်းရေးအတွက်ကြောင့်ချည်းမဟုတ်၊ ရန်ကုန်မြို့ကြီးတွင် ကြမ်းပိုးဘဝနှင့် တွေ့ရာစား၊ တွေ့ရာအိပ် ထင်သလိုနေစမ်းချင်သော အာသီသနှင့်ဆင်းသွားကြခြင်းဖြစ်လေရာ အကယ်၍ ကိုခင်မောင်တင့်သာ ကျန်းမာခဲ့လျှင် ထိုစိတ်ကူးအတိုင်းနေကြ၍ ဘယ်နေရာ၊ ဘယ်နေ့တွင် ဗုံးထိ၍ သေကြမည်လောမပြောတတ်ပေ။ ကျွန်ုပ်အဖို့ရာ၌ကား သေလျှင်လည်း ဝမ်းမနည်း၊ သူငယ်ချင်းတစ်ယောက်နှင့် လုပ်ချင်ရာလုပ်ရလျှင်လည်း ကျေနပ်မည်သာဖြစ်သည်။ ဇရစ်ချောင်၌ရှိစဉ် ဒေါက်တာသိန်းမောင်၏အမှုအတွက် ရုံးချိန်းကလည်းရှိသေး၍ မန္တလေးသို့ ကျွန်ုပ်ဆင်းလာရပြန်၏။ မန္တလေးမြို့ နန်းတော်အတွင်း ဂျင်မခါနာကလပ်ကို ဖေဖော်ဝါရီလ ၁၉ ရက်၌ ဗုံးကြဲချလေရာ ကျွန်ုပ်လည်း ၂၁ ရက်တွင် မန္တလေးသို့ ရောက်သွား၏။ မန္တလေးမြို့သူ မြို့သားများမှာ ရန်ကုန်၌ ကြဲချသောဗုံးများကြောင့် ထိတ်လန့်တုန်လှုပ်လျက်ရှိစဉ် ထိုနေ့ကမူ မိမိတို့ကိုယ်တိုင် ဗုံးလန့်ရခြင်း၏အရသာကို မြည်းဖူးကြရလေပြီ။ တစ်မြို့လုံးလည်း ခြောက်သွေ့လျက်ရှိ၏။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရုံးချိန်းအတိုင်း အမှုဆိုင်ရန် ရုံးသို့ရောက်သွားသောအခါ ရန်ကုန်မှအမှုသည်များ မရောက်လာကြသည်နှင့် မတ်လ ၃၁ ရက်သို့ ရက်ချိန်းပေးလိုက်ပြန်သည်။ ကျွန်ုပ်မှာ သူရိယသတင်းထောက် (ယခု ပီအာရ်အိုဖြစ်နေသော) ကိုဘတုတ်၏နေအိမ်၌ နှစ်ညတည်းခိုကာ မန္တလေးမြို့အကြောင်းကို စနည်းနာပြီးနောက် ကသာသို့ ပြန်သွားလေသည်။ မတ်လ ၃၁ ရက် အမှုဆိုင်ရန်ကိုမူ ကျွန်ုပ်လည်းမသွားတော့။ အခြားလူများလည်း မလာကြဟုကြားသိရသည်။

### ကိုသိန်းဖေ လေးစားပုံ

၁၉၄၂ ခုနှစ် ဧပြီလ ၃ ရက်တွင် ဂျပန်လေယာဉ်များသည် မန္တလေးမြို့ကို အနှံ့အပြားဗုံးကြဲချလေရာ ထိုရက်မှစ၍ မန္တလေးမြို့၌ နေဝံ့သူအလွန်နည်းပြီး မပြေးနိုင်သူများသာ ကျန်ရစ်၍ တတ်နိုင်သူဟူသမျှ ထွက်ပြေးကုန်ကြလေပြီ။ ဧပြီလအတွင်း ကိုသိန်းဖေ၏တူမများသည် ရန်ကုန်မှမန္တလေးသို့ ပြေးလာကြရာမှ မန္တလေး၌ဗုံးကြဲရာတွင် ကိုသိန်းဖေ၏ နေအိမ်သို့ ပြေးလာကြပြန်၏။ ၎င်းတို့နှင့်အတူ ဦးဘချစ်အမည်ရှိ ဗိသုကာ (Architect) တစ်ယောက်လည်း ပါလာ၏။ ဦးဘချစ်မှာ ကျွန်ုပ်နှင့်အတူ ဒုက္ခရောက်ရာရမည့် လူတစ်ယောက်ဖြစ်၍ ၎င်းတို့အကြောင်းကို အနည်းငယ်ဖော်ပြရပေဦးမည်။ ကိုသိန်းဖေ၏ တူမများသည် ဆေးရုံမှဆရာမကြီးများ (Sisters) ဖြစ်လေရာ အကြီးဆုံးမှာ ဦးဘချစ်နှင့် လက်ထပ်မည့်ဆဲဆဲဖြစ်၍ အတူတကွလိုက်လာခြင်းဖြစ်လေသည်။ ဦးဘချစ်မှာ အင်္ဂလန်မှ ဗိသုကာစာမေးပွဲအောင်ပြီး၍ ရန်ကုန်သို့ရောက်လာသည်မှာ လအနည်းငယ်မျှသာရှိသေး၏။ ကိုသိန်းဖေအား ကျွန်ုပ်အထူးကျေနပ်မိသောအချက်တစ်ခုမှာ သူ၏အိမ်သို့ ဧည့်သည်များရောက်လာကြ၍ ၎င်းတို့အနက်တွင် ဘိလပ်ပြန်တစ်ယောက်ပါဝင်သော်လည်း ကျွန်ုပ်တို့ဇနီးမောင်နှံအား အကောင်းဆုံးသောနေရာကိုပေးပါသည်။ ကျွန်ုပ်တို့က လူရင်းဖြစ်သည်ဆိုကာ နိမ့်ကျသောနေရာကို မပေး။ သူတို့ဇနီးမောင်နှံထက် မြတ်သောနေရာကို ပေးပါပေသည်။ မပေးလျှင် ကျွန်ုပ်ကမည်သို့မျှရှိမည်မဟုတ်၊ သို့သော်လည်း ပေးခြင်းအတွက်ကား သူ၏လေးစားခြင်းကို အသိအမှတ်ပြုမိပါသည်။

### သင်္ဘောများနစ်မြုပ်ခြင်း

ဤရက်များတွင် မန္တလေးမှ သင်္ဘောများသည် တစ်စင်းပြီးတစ်စင်းဆိုက်ရောက်လာကြ၍ ကသာဆိပ်ကမ်း၌ နှစ်မြှုပ်လိုက်၏။ ဤအကြောင်းကို ကျွန်ုပ်တို့ကြားရ၍ ဦးဘချစ်၊ ကိုသိန်းဖေနှင့်ကျွန်ုပ်တို့သုံးယောက်သည် တစ်နေ့နံနက်တွင် သင်္ဘောဆိပ်သို့သွားကြ၏။ ကျွန်ုပ်တို့၏အကြံမှာ စားရေရိက္ခာရှားပါးစပြုနေသော ထိုအချိန်တွင် ကောက်သင်းကောက်ကြရန်ဖြစ်၏။ ကျွန်ုပ်တို့သုံးယောက်သည် တခြားသော အရပ်သားများနှင့်အတူ ကမ်းမှရပ်ကြည့်လျက်ရှိစဉ် သင်္ဘောတစ်စင်းဆိုက်ကပ်လာ၍ သင်္ဘောဦးခန်းမှ မျက်နှာဖြူသုံးလေးယောက်နှင့် တခြားနေရာများမှ ဂေါ်ရင်ဂျီကုလား ၁၀၀ ခန့် ဆင်းလာကြ၏။ သင်္ဘောပေါ်မှ လူများဆင်းပြီးသည်နှင့်တစ်ပြိုင်နက် သင်္ဘောကိုနှစ်မြှုပ်လိမ့်မည်ဟု သိပြီးဖြစ်သော အရပ်သားများသည် သင်္ဘောပေါ်မှလူများကုန်အောင်မဆင်းသေးမီ တိုးဝှေ့ကာတက်သွား၍ ကျွန်ုပ်တို့သုံးယောက်လည်း လိုက်ပါသွားကြ၏။ အပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဤအခန်း ထိုအခန်းများသို့ ဝင်ရောက်မွှေနှောက်ကြလေရာ ကျွန်ုပ်မူကား စားစရာများထားသည့် စတို (Pantry) ခန်းသို့ တည့်တည့်ကြီးသွား၏။ မည်သည့်ပစ္စည်းကိုမျှ မလိုချင်။ စားစရာသာလိုချင်၏။ ကသာတစ်ဝိုက်၌ ယခုပင်လျှင် စားကောင်းသောက်ဖွယ်များ ရှားပါးစပြု၍ ဝယ်မရဘဲဖြစ်နေလေရာ ရှေ့အဖို့တွင် မည်မျှလောက် ပြတ်လပ်ဦးမည်မပြောနိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် စတိုခန်းထဲမှ စည်သွတ်ဘူးများကို တစ်ပွေ့တစ်ပိုက်ကြီး ယူလာခဲ့၏။ ကိုသိန်းဖေနှင့် ဦးဘချစ်တို့မူကား ရေနံဆီရှားလိမ့်မည်ဆိုကာ တစ်ယောက်တစ်ပုံးစီ ဆွဲလာကြ၏။ ဤသင်္ဘော၌ မည်သည့်အကြောင်းကြောင့်မသိ။ ဆီပုံးနှင့်ထောပတ်ပုံးအမြောက်အမြားပါလာလေရာ အရပ်သားများသည် ၎င်းတို့ကို တစ်ဖက်တစ်ပုံးဆွဲကာ ကုန်းပေါ်သို့တင်ကြ၏။ တချို့လည်း တခြားလူများ သယ်ချလာသော ဆီပုံးများကို တစ်ပုံးတစ်ကျပ် ဆီးကြိုဝယ်ယူကြ၏။ ဆီပုံးတစ်ပုံးလျှင် ဈေးထဲ၌ ပေါက်ဈေး ငါးကျပ်၊ ခြောက်ကျပ်ရှိသော်လည်း သယ်ချသူများအဖို့မှာ ချက်ချင်းရောင်းပစ်ရုံမှတစ်ပါး တခြားနည်းလမ်းမရှိချေ။ ချက်ချင်းမရောင်းဘဲ တစ်နေရာ၌စုပုံထားပြီး သင်္ဘောပေါ်သို့ ပြန်တက်မည်ဆိုလျှင်လည်း ချထားခဲ့သော ပုံးများမှာ လူယူသွားမည်ဖြစ်သောကြောင့် အချည်းနှီးဖြစ်ရမည်ဆိုကာ ချက်ချင်းလက်ငင်းရောင်းကြခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဆီတစ်ပုံး တစ်ကျပ်နှင့် ချက်ချင်းရောင်းလျှင် တစ်ခေါက်နှစ်ကျပ်၊ ဆယ်ခေါက် ၂၀ ကျပ် ရနိုင်သည်ဆိုကာ ဆူလွယ်နပ်လွယ် အလုပ်လုပ်ကြခြင်းဖြစ်၏။ သို့ရာတွင် သင်္ဘောသည် ကြာရှည်စွာပေါ်နေတော့မည်မဟုတ်ချေ။ စည်သွတ်ဘူးများကိုပွေ့လျက် ကျွန်ုပ်ကမ်းပေါ်မှ ရပ်ကြည့်နေစဉ်အတွင်း သင်္ဘောသည် မြုပ်သည်ထက်မြုပ်သွား၍ ဖောင်းမျှလောက်သာပေါ်တော့သည်ဖြစ်ရာ လူများသည် အန္တရာယ်ကို မမြင်ဘဲ သဲသဲမဲမဲသယ်ယူလျက်ရှိကြ၏။ သို့ရာတွင် အချို့က 'ဟေ့ကောင်တွေ သင်္ဘောနစ်လုပြီ။ နစ်သွားရင် ရေကူးလို့ မရဘူးဟေ့၊ ဝဲစုပ်ပြီးမြုပ်လိုက်သွားလိမ့်မယ်'ဟု ဟစ်အော်ကာ သတိပေးသည်နှင့် အစုလိုက်အပြုံလိုက် ပြေးဆင်းလာကြ၏။ ကံကောင်းသည်မှာ နောက်ဆုံးလူသည် ကမ်းပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် သင်္ဘောကြီးသည် တစ်ဖက်သို့စောင်းပြီး နစ်မြုပ်သွားရှာပါတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မိုးကြိုးအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပ

သာယာဝတီ ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မိုးကြိုးအန္တရာယ်အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန်လ ၁၇ ရက်က အခြေခံပညာ အလယ်တန်းကျောင်း (ကွက်သစ်) ဒေါ်အရိန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက မိုးကြိုးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်လတ်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်နေမှုအခြေအနေများ၊ မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်လာပါက သက်ဆိုင်ရာမှ သတိပေးထုတ်ပြန်ချက်များ၊ ဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတများကို ဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ ဘောလုံးကန်နေစဉ် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်လှုပ်ရှားမှုများကို သဏ္ဌာန်တူလက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ သာယာဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၁၈

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကောင်းနှင့်ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန် ရည်ရွယ်ချက်များဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးဧရိယာအတွင်းရှိ ယာယီအရာထမ်းအိမ်ရာဝန်းကျင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမှာစကားပြောကြားကာ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများတွင်လည်း ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်နှင့်သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့တွင် ပျိုးပင်ပေါင်း ၈၆၂၀ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆင့် (၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးဆောင်ရွက်သွားရန်နှင့် အဆင့် (၂) အတွက် ပြည်ပမှ မှာယူထားသော တည်ဆောက်ရေးပစ္စည်းများ ဆိပ်ကမ်းသို့ ရောက်ရှိပါက အမြန်ထုတ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက်များလည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Machine Hall အတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ အဆင့်(၂) ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ ၇၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့်လက်ရှိတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ စက်တင်ဘာလအတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ အဆိုပါကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက လက်ရှိဓာတ်အားပေးစက်နှစ်လုံးမှ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိရာမှ ၁၂၀ မဂ္ဂါဝပ်သို့တိုးမြှင့်၍ ဓာတ်အားထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ်ဓာတ်အားထုတ်လုပ်မောင်းနှင်နိုင်ရန်အတွက် ကျောက်မီးသွေးသိုလှောင်ရုံများအတွင်း ကျောက်မီးသွေးများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ပြာသိုလှောင်ရုံအတွင်း ကျောက်မီးသွေးပြာများ စနစ်တကျထုပ်ပိုးသိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်အတွင်း စက်ယာဉ်/ ယန္တရားကြီးများဖြင့် ကျောက်မီးသွေးများ တူးဖော်ထုတ်ယူနေမှုနှင့် ကျောက်မီးသွေးများ စဉ်ဆက်မပြတ်ဆက်လက်တူးဖော်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကလောမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး မန္တလေးလျှင်ကြီးလှုပ်ခတ်မှုကြောင့် ဓာတ်အားခွဲရုံဧည့်ရိပ်သာအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုများ အမြန်ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၁°C |
| ရန်ကုန် | ၂၅°C | / | ၂၉°C |
| မန္တလေး | ၂၆°C | / | ၃၅°C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


## (၁၈-၆-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တံတားဦးမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တံတားဦး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၈ ရက်တွင် တံတားဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ သမိုင်းဝင်ရွှေသာလျောင်းဘုရားကြီး(ပေါင်းလဲကြီး) ပရိဝုဏ်အတွင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များက တာဝန်ရှိသူများထံ ကျွန်းပင်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကျွန်းပင် ၃၀၊ မန်ကျည်းပင် ၆၀၊ ကုက္ကိုပင် ၆၀ နှင့် တမာပင် ၆၀ တို့ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့ စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်ကြီးထွား ဖွံ့ဖြိုးစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ရေလောင်းခြင်းလုပ်ငန်းနှင့် လိုအပ်သည့် မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများကို စနစ်တကျ ပြုစုထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တံတားဦးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တောသစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်နိုင်စေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်

**ကျိုက်ထို ဇွန် ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဇွန်လ ၁၇ ရက်က ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ရွှေဥသြ)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်စမ်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာအုပ်စာပေများနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံ သင်တန်းဖွင့်လှစ်


**မြိတ် ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ သဘာဝဘေးဖြစ်ပွားစဉ် လုပ်ဆောင်ရမည့်အချက်များ၊ ဖြစ်ပွားပြီးချိန် ကူညီကယ်ဆယ်မှု၊ ပံ့ပိုးမှုဆောင်ရွက်ရမည့်အချက်များကို သိရှိနားလည်နိုင်စေရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို ဇွန်လ ၁၈ ရက်တွင် မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနခန်းမ၌ဖွင့်လှစ်သည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်ဇင်လတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇွန်လ ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား ၃၀ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ဘေးအန္တရာယ်လျော့ပါးသက်သာစေရန်နည်းလမ်းများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံဝေါဟာရများ၊ သဘာဝဘေးအန္တရာယ်များအကြောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေလျော့ချခြင်းကို ထည့်သွင်းရေးဆွဲခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများ၊ ရပ်ရွာလူထုအခြေခံသော ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ အရေးပေါ်ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်သင်ခန်းစာများကို စာတွေ့သင်ကြားခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းများပါဝင်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ကျောက်ဆည်(လွန်ကျော်) | ၃၄.၂°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၄.၂°C |
| စစ်ကိုင်း | ၃၃.၈°C |
| မုံရွာ | ၃၃.၆°C |
| ညောင်ဦး | ၃၃.၅°C |
| ကျောက်ဆည် | ၃၃.၅°C |
| ရေဦး | ၃၃.၅°C |
| မိုးကောင်း | ၃၃.၅°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဖျာပုံ | (၅.၃၅)လက်မ |
| ကျောက်ဖြူ | (၄.၆၉)လက်မ |
| ဟိုင်းကြီးကျွန်း | (၄.၄၁)လက်မ |
| စစ်တွေ | (၃.၇၄)လက်မ |
| သထုံ | (၃.၇၀)လက်မ |
| ညောင်လေးပင် | (၃.၁၁)လက်မ |
| ဘားအံ | (၂.၇၁)လက်မ |
| ပေါင် | (၂.၆၈)လက်မ |
| ကျိုက္ကမီ | (၂.၆၀)လက်မ |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | (၂.၄၈)လက်မ |
| ချောင်းဆုံ | (၂.၄၈)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၅.၂°C |
| မြင်းမူ | ၃၅°C |
| မန္တလေး | ၃၄.၃°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၂ |
| ရှမ်း(မြောက်) | ၂၀ | ၂၉ |
| ရှမ်း(အရှေ့) | ၂၁ | ၃၁ |
| ရှမ်း(တောင်) | ၁၉ | ၂၆ |
| ချင်း | ၁၄ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၄ |
| နေပြည်တော် | ၂၃ | ၃၁ |
| မန္တလေး | ၂၆ | ၃၅ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၀ | ၃၀ |
| ပဲခူး | ၂၃ | ၃၀ |
| ရန်ကုန် | ၂၅ | ၂၉ |
| ဧရာဝတီ | ၂၃ | ၃၇ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၃ |
| မွန် | ၂၄ | ၂၉ |
| တနင်္သာရီ | ၂၄ | ၃၁ |

# ပုဇွန်တောင်မြို့နယ်၌ ကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၇ ရက်က အမှတ် (၃) ရပ်ကွက် အောက်ပုဇွန်တောင်လမ်းရှိ သဟပုညကာရီ ဆွမ်းလောင်းဓမ္မာရုံ(အပေါ်ထပ်)၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန်းလှထွန်းက မိုးရာသီရောက်ရှိပြီဖြစ်သည့်အတွက် မိုးရာသီတွင်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် လတ်တလောပြန်လည်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကို ကြိုတင်ကာကွယ်နိုင်စေရန် ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာသည့်အတွက် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်း အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသောပြည်သူများက သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန်းလှထွန်းက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန်းလှထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

မန္တလေး ဇွန် ၁၈

၂၀၂၅ ခုနှစ်ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ဇွန်လ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ပန်းချီပြိုင်ပွဲကို အခြေခံပညာအလယ်တန်းကျောင်း(ပြည်ကြီးမဏ္ဍိုင်)မှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တို့က "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ ကျန်းမာရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အကြောင်းအရာများ စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဇွန်လ ၂၀ ရက်တွင် ဆုပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)**



# မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး ဇွန် ၁၈

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနနှင့် ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်းတို့ပူးပေါင်းကျင်းပသည့် မြို့နယ်အဆင့်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် ထုံးကြီးကျောက်တန်းကျေးရွာ ပန်းပျိုးလက်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်က ကြိုဆိုနှုတ်ခွန်းဆက်စကားမိန့်ကြားပြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် အင်းတကော်မြို့အုပ်ချုပ်ရေးမှူးနှင့် ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းတို့က သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များကို ပျိုးပင်များပေးအပ်သည်။




ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် အင်းတကော်မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ မြန်မာနိုဘယ်အင်ဂျင်နီယာကောလိပ်မှ ဆရာ၊ ဆရာမနှင့်ကျောင်းသား၊ ကျောင်းသူများ၊ စိန်ဂေဟာအရောင်းဆိုင်များမှကုမ္ပဏီဝန်ထမ်းများ၊ ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်နှင့်အတူ အင်းတကော်-ကျောက်တန်းလမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရအပွင့်ပွင့်ပြီး မျက်စိပသာဒဖြစ်စေသည့် ခရေ၊ ကံ့ကော်၊ ပန်းပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ စိန်ပန်းနီ၊ စိန်ပန်းဝါ၊ တည်၊ မန်ကျည်းရှားစသည့် ပျိုးပင်ပေါင်း ၁၁၀၀ ကိုစုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

# နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၀ ကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကျင်းပ

မိတ္ထီလာ ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ဦးမြင့်အေး၏ စိုက်ဧက ၂ ဒသမ ၅၀ ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၀ ကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို ဇွန်လ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအား မြင့်မားရေးအတွက် ကောက်ကွက်ပြည့်မီရေး၊ သွင်းအားစုများ အပြည့်အဝထည့်သွင်းစိုက်ပျိုးရေး၊ မျိုးကွဲနှုတ်ပယ်ရေးစသည့်စိုက်ပျိုးရေးနည်းပညာများကိုဆွေးနွေးပြီး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နွေစပါးများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် နွေစပါးကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်မိတ္ထီလာမြို့နယ်ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ဦးမြင့်အေး၏ စိုက်ဧက ၂ ဒသမ ၅၀ ဧကရှိနွေစပါး ( GW-11) မျိုးစပါး စံကွက်ကိုရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်း(အစို) ၁၂၀ ဒသမ ၁၂ တင်းထွက်ရှိသည်။

အဆိုပါ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၀ ကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့်တာဝန်ရှိသူများ၊ မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(၆၀၂)**



# ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

ဟိုပုံး ဇွန် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ သဘာဝပတ်ဝန်းကျင်ကိုချစ်မြတ်နိုးတတ်စေရန်အတွက် အမျိုးသမီးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးက ပတ်ဝန်းကျင်၏ အဓိပ္ပာယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးကြီးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ အမျိုးသမီးများအနေဖြင့် အိမ်မှာနေရင်း ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဘယ်လိုထိန်းသိမ်းနိုင်သလဲ စသည့် ခေါင်းစဉ်တို့ဖြင့် အကျယ်တဝင့်ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများအား ပလတ်စတစ်အန္တရာယ်နှင့် မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

**(၄၀၅)**

# အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

ပင်းတယ ဇွန် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် တမဲကျေးရွာအုပ်စု အင်းပက်လက်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ယခုဖွင့်လှစ်သည့်စက်ချုပ်နည်းပညာသင်တန်းသည် ကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းကို ကျွမ်းကျင်နည်းပြများဖြင့် ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄ ဦးတက်ရောက်ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

MWD Education, Knowledge & Sports Channel

၁၉-၆-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၂ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၅၄ | Grade - 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၇:၅၄ - ၁၉:၁၆ | Grade - 8 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၉:၁၆ - ၂၀:၄၂ | Grade - 8 | သမိုင်း၊ သိပ္ပံ |

# လူတိုင်းကြိုက်နှစ်သက်သည့် စတော်ဘယ်ရီသီးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

**စတော်ဘယ်ရီသီးအမျိုးအစားများနှင့် စားသောက်မှုပုံစံအမျိုးမျိုး**

စတော်ဘယ်ရီမျိုးအနေဖြင့် ဒေသသီး၊ ထိုင်ဝမ်မျိုး အကြွပ်ချိုမွှေးစတော်ဘယ်ရီသီးနှင့် ဂျပန်ချိုမွှေးသီးဟူ၍ သုံးမျိုးရှိသည်။ အသီးအရောင်မှာ အနီရောင်၊ ပန်းရောင်နှင့် အဖြူရောင်များပါရှိပြီး အသီးပုံသဏ္ဌာန်မှာ ထုလုံးချွန်ပုံမှဘဲဥပုံအထိ အမျိုးမျိုးရှိသည်။ စတော်ဘယ်ရီသီးကို ဇူလိုင်လမှ အောက်တိုဘာလအထိ စိုက်ပျိုးကြပြီး စတင်ထွက်ရှိချိန် ဧပြီလကုန်အထိခူးဆွတ်နိုင်သည်။ စတော်ဘယ်ရီသီးကို အချိုပွဲအဖြစ် အသီးအတိုင်းစား၍ ရသကဲ့သို့ ငပိ၊ ငရုတ်သီးမှုန့်တို့ဖြင့် သုပ်စားခြင်း၊ ဝိုင်အဖြစ် စိမ်သောက်ခြင်း၊ ဖျော်ရည်ပြုလုပ်သောက်သုံးခြင်း၊ စတော်ဘယ်ရီယိုထိုးစားခြင်းအပြင် ဟင်းချက်ရာတွင်လည်း ထည့်သွင်းအသုံးပြုနိုင်သည်။ စတော်ဘယ်ရီသီး၏အရွက်ကို လက်ဖက်ရည်ကဲ့သို့ ဖျော်သောက်ပေးခြင်းဖြင့်လည်း အာဟာရဓာတ်များကို ရရှိစေသည်ဟု သိရသည်။ စတော်ဘယ်ရီရွက် လက်ဖက်ရည်သောက်ခြင်းသည် နလန်ထအားအင်နည်းပါးနေသူအတွက် ကောင်းမွန်သော အာဟာရဖြစ်စေပါသည်။

**စတော်ဘယ်ရီသီးတွင်ပါဝင်သော အာဟာရဓာတ်များ**


စတော်ဘယ်ရီသီးတွင် ခန္ဓာကိုယ်ကို အကျိုးပြုစေသည့် ကာဗိုဟိုက်ဒရိတ်၊ ပက်တင်နှင့် အမျှင်ဓါတ်၊ ရေဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည့်အပြင် ခန္ဓာကိုယ်အတွက် အရေးပါသည့် ဗီတာမင်-C နှင့် ဖောလစ်အက်စစ် သို့မဟုတ် ဗီတာမင်-B9 နှင့် တခြားဗီတာမင်ဓာတ်များ၊ ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ မီးစုန်းနှင့် သံဓာတ်ကဲ့သို့ သတ္တုဓာတ်များလည်း ကြွယ်ဝစွာပါဝင်သည်။

**ကင်ဆာဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်**

စတော်ဘယ်ရီသီးတွင် ပါဝင်သော ဗီတာမင်-C၊ Ellagic Acid ၊ Phytonutrients နှင့် ဖောလစ်အက်စစ်တို့က ကင်ဆာရောဂါကို တိုက်ထုတ်ပေးနိုင်သည်။ ရင်သားကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးသည်။ စတော်ဘယ်ရီသီးတွင်ပါဝင်သည့် အမျှင်ဓာတ်က ဝမ်းချုပ်ခြင်းကို ကင်းစေပြီး ဝမ်းမှန်စေကာ အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေနည်းစေသည်။

**အရိုးများကိုသန်မာစေနိုင်**

စတော်ဘယ်ရီသီးတွင် မဂ္ဂနိစ်၊ ကော့ပါး၊ သံဓာတ်၊ ဖော့စဖရပ်စ်၊ ပိုတက်ဆီယမ်နှင့် ဇင့်ဓာတ်တို့ပါဝင်မှုကြောင့် အရိုးများကိုကြံ့ခိုင်စေပြီး အရိုးမပါးအောင်နှင့် အရိုးမပွအောင် ကာကွယ်ပေးနိုင်ပါသည်။ စတော်ဘယ်ရီသီးသည် မှတ်ဉာဏ်အားကို ပိုမိုကောင်းမွန်စေရန်နှင့် မျက်စိကျန်းမာစေရန်အတွက်လည်း အထောက်



အကူပြုသည်။

**သွေးတိုးကိုကျစေနိုင်**

စတော်ဘယ်ရီသီးတွင် ပိုတက်ဆီယမ်ပါဝင်မှုကြောင့် သွေးတိုးကျစေနိုင်ပြီး နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။ သွေးကြောများကို ပြေလျော့စေနိုင်သောကြောင့် ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောပိတ်ခြင်းများ မဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။

**ဆီးချိုကိုထိန်းညှိပေးပြီး သွေးလည်ပတ်မှုကောင်းစေနိုင်**

စတော်ဘယ်ရီသီးတွင် ပါဝင်သည့် အမျှင်ဓာတ်က သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သဖြင့် ဆီးချိုသမားများအတွက်သင့်တော်ပါသည်။ သံဓာတ်နှင့် တခြားသတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သဖြင့် သွေးလည်ပတ်မှုစနစ်ကို ကောင်းမွန်စေပြီး ခန္ဓာကိုယ်ကို ကျန်းမာစေနိုင်သည်။

**အနာကျက်မြန်ဆန်စေနိုင်**

စတော်ဘယ်ရီသီးတွင် ဗီတာမင်-C၊ Ellagic Acid နှင့် ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်နေသောကြောင့် အနာကျက်ဖြစ်စဉ်မြန်ဆန်အောင် လှုံ့ဆော်ပေးပြီး အဖုများကို မြန်မြန်သက်သာစေနိုင်ပါသည်။ ထို့ကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ခွဲစိတ်ထားသူများ စားသုံးပေးသင့်ပါသည်။

**အဆီပိုများကိုချေဖျက်ပေးပြီး ကိုယ်အလေးချိန်လျော့ကျစေနိုင်**

စတော်ဘယ်ရီသီးတွင် ပါဝင်သည့် Ellagic Acid နှင့် ဓာတ်တိုးဆန့်ကျင်အာနိသင်များက ကိုယ်အလေးချိန်ကို အကောင်းဆုံး ထိန်းညှိပေးနိုင်ပါသည်။ နာတာရှည် ရောင်ရမ်းမှုများကြောင့် ကိုယ်အလေးချိန်တက်ခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သကဲ့သို့ ကိုယ်တွင်းရှိ ဟော်မုန်းများကိုလည်း အကောင်းဆုံး ထိန်းညှိပေးပြီး ခန္ဓာကိုယ်အလေးချိန်ကျစေရန် အားပေးသည့် ဟော်မုန်းများ ထွက်ရှိလာအောင် လှုံ့ဆော်ပေးနိုင်သည်။ ထို့ပြင် Anthocyanin ဟုခေါ်သည့် ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသောကြောင့် အစားစားချင်စိတ်ကို ထိန်းညှိပေးနိုင်သည့် Adiponectin ဟော်မုန်းထွက်ရှိအောင် လှုံ့ဆော်ပေးသည်။ အဆိုပါဟော်မုန်းက အဆီကို အကောင်းဆုံးချေဖျက်ပေးနိုင်သဖြင့် အမျိုးသမီးများ

> **"စတော်ဘယ်ရီသီးတွင် မဂ္ဂနိစ်၊ ကော့ပါး၊ သံဓာတ်၊ ဖော့စဖရပ်စ်၊ ပိုတက်ဆီယမ်နှင့် ဇင့်ဓာတ်တို့ပါဝင်မှုကြောင့် အရိုးများကိုကြံ့ခိုင်စေပြီး အရိုးမပါးအောင်နှင့် အရိုးမပွအောင် ကာကွယ်ပေးနိုင်ပါသည်။ စတော်ဘယ်ရီသီးသည် မှတ်ဉာဏ်အားကို ပိုမိုကောင်းမွန်စေရန်နှင့် မျက်စိကျန်းမာစေရန်အတွက်လည်း အထောက်အကူပြုသည် . . ."**

ကို သွယ်လျလှပစေပြီး အဆီပိုကင်းသည့် ခန္ဓာကိုယ်အချိုးအစားကို ပိုင်ဆိုင်စေမည်ဖြစ်သည်။ နှလုံးကျန်းမာရေးအတွက်လည်း အထောက်အကူပြုပြီး ကိုယ်အလေးချိန်ကို ထိန်းညှိရာတွင် များစွာအထောက်အကူပြုသည်ဟု သုတေသနပညာရှင်များက ဆိုထားသည်။

**အသားအရေအတွက် အထောက်အကူပြုခြင်း**

စတော်ဘယ်ရီသီးအပါအဝင်ဘယ်ရီသီးတော်တော်များများသည် အရေပြားပေါ်က ဆဲလ်သေများကို အထိရောက်ဆုံးဖယ်ရှားပေးပြီး အရေပြားဆဲလ်များ အသစ်ဖြစ်ပေါ်မှုကို အကောင်းဆုံးအားဖြည့်ပေးနိုင်သည့် Alpha Hydroxy Acid ကြွယ်ဝစွာပါဝင်နေသည်။ ထို့ပြင် စတော်ဘယ်ရီသီးတွင်ပါဝင်သည့် Salicylic Acid နှင့် Ellagic Acid တို့မှ အသားအရောင်မညီမှုနှင့် အရေပြားတွင် အစက်အပြောက်များမဖြစ်အောင် ကာကွယ်ပေးသကဲ့သို့ အရေပြားပေါ်ကအမည်းစက်များနှင့် ဝက်ခြံအမာရွတ်များကို သက်သာစေနိုင်သည်။ ဆဲလ်သေများကို အထိရောက်ဆုံးဖယ်ရှားပေးပြီး ချွေးပေါက်များကို ထိန်းညှိကာ အသားအရေကို တင်းရင်းလှပစေနိုင်သည်။ ဝက်ခြံများမဖြစ်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်ပါသည်။ စတော်ဘယ်ရီသီးတွင် ပါဝင်သည့် Pectin နှင့် ဗီတာမင်-C တို့ကလည်း ကိုယ်ခံအားကိုကောင်းစေပြီး အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းကို တားဆီးပေးနိုင်ကာ ဗီတာမင်-C ကြွယ်ဝသောကြောင့် ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ရုံသာမကဘဲ အသားအရေကို ကြည်လင်ကျန်းမာစေရန် အကောင်းဆုံးအားဖြည့်ပေးပြီး အသားအရေကောင်းစေကာ ဓာတ်မတည့်မှုကို သက်သာစေနိုင်သည့်အပြင် ဗီတာမင်-C တွင် Anti-inflammatory ဟုခေါ်သော ရောင်ရမ်းမှုကို သက်သာစေနိုင်သည့် ဂုဏ်သတ္တိရှိ၍ ဝက်ခြံကြောင့်ဖြစ်သည့် ရောင်ရမ်းမှုများကို သက်သာအောင် ကူညီပေးနိုင်သည်။

**အရွယ်တင်နုပျိုစေနိုင်**

ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝမှုက ခန္ဓာကိုယ်ကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်မှု၊ အရွယ်မတိုင်ခင်အိုမင်းရင့်ရော်မှုများကို အထိရောက်ဆုံး ကာကွယ်ပေးနိုင်ပါသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သည့် Lycopene ပါဝင်မှုက အရွယ်တင်စေရန် အကောင်းဆုံး လုပ်ဆောင်ပေးနိုင်ပါသည်။

**ဆံပင်မကျွတ်အောင်ကာကွယ်ပေးနိုင်**

စတော်ဘယ်ရီသီးတွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်နေမှုက ဆံသားကျန်းမာရေးကို အကောင်းဆုံးအားဖြည့်ပေးနိုင်သည့် သံဓာတ်စုပ်ယူမှုကို ကောင်းစေနိုင်သည်။ ဆံပင်ကျွတ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ သံဓာတ်နည်းသောကြောင့်ဖြစ်သဖြင့် ဆံပင်ကျွတ်ခြင်း၊ ဆံပင်ပါးခြင်းကင်းဝေးချင်လျှင် စတော်ဘယ်ရီသီးကို စားသုံးပေးသင့်သည်။

**စတော်ဘယ်ရီဖျော်ရည်တွင်ပါဝင်သော အာဟာရဓာတ်များ**

စတော်ဘယ်ရီသီးကို ကြိတ်ခြေပြီး သကြားနှင့်သောက်နိုင်သကဲ့သို့ နို့စိမ်း၊ နို့ဆီ၊ နွားနို့တို့နှင့်ရောပြီးဖျော်ထားသည့် စတော်ဘယ်ရီဖျော်ရည်က အရသာရှိပြီး လူကိုလန်းဆန်းစေနိုင်ပါသည်။ စတော်ဘယ်ရီဖျော်ရည်တစ်ခွက်တွင် ဗီတာမင်-C ၊ ပိုတက်ဆီယမ်၊ ဖောလစ်အက်ဆစ်၊ မဂ္ဂနိစ်၊ ကော့ပါး၊ ဇင့်၊ ဗီတာမင်-E၊ ကယ်လ်စီယမ်၊ ဗီတာမင်-B နှင့် သဘာဝအချိုဓာတ်များ ပါဝင်သည့်အပြင် ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များလည်းပါဝင်နေပါသည်။ အရသာရှိသည့် စတော်ဘယ်ရီဖျော်ရည်ကို သောက်သုံးပေးခြင်းဖြင့် အသားအရေကောင်းမွန်စေနိုင်ခြင်း၊ အရိုးများကျန်းမာကြံ့ခိုင်စေနိုင်ခြင်း၊ သွေးတိုးကျစေနိုင်ခြင်း၊ ဆီးချိုထိန်းညှိပေးခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါကာကွယ်ပေးခြင်းနှင့် အနာကျက်မြန်စေနိုင်ခြင်း စသည့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

**စတော်ဘယ်ရီသီး၏အကျိုးကျေးဇူး**

စတော်ဘယ်ရီသီးတွင် ပါဝင်သည့် အချည်ဓာတ်အနည်းငယ်ကြောင့် သွေးတွင်းအဆီဓာတ်များကို ထိန်းပေးနိုင်ပြီး ကိုလက်စထရောကို လျော့နည်းစေနိုင်ခြင်း၊ သွေးပေါင်ချိန်နှင့် သွေးတွင်းအချိုဓာတ်ကို ထိန်းညှိပေးနိုင်ခြင်း၊ Pectin နှင့် ဗီတာမင်-C ဓာတ်တို့ကလည်း ကိုယ်ခံအားကောင်းစေပြီး အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းကို တားဆီးပေးနိုင်ခြင်း၊ ခုခံအားကိုမြှင့်တင်ပေးနိုင်သည့်အတွက် ရောဂါပိုးမွှားများကိုကာကွယ်ပေးနိုင်ခြင်း၊ စတော်ဘယ်ရီသီးတွင် ပါဝင်သည့်အမျှင်ဓာတ်က ဝမ်းချုပ်ခြင်းကိုကင်းစေပြီး ဝမ်းမှန်စေကာ အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေ နည်းစေခြင်း၊ စတော်ဘယ်ရီသီးသည် မှတ်ဉာဏ်အားကိုပိုကောင်းမွန်စေရန်နှင့် မျက်စိကျန်းမာရေးကောင်းမွန်စေရန်အတွက်လည်း အထောက်အကူပြုခြင်း၊ စတော်ဘယ်ရီသီးကို နွေရာသီတွင် အပူများပြီးနှုတ်ခမ်းခြောက်တတ်သူများ၊ ချောင်းခြောက်မကြာခဏဆိုးလေ့ရှိသူများ၊ မကြာခဏဝမ်းကိုက်တတ်သူများ၊ ဝမ်းချုပ်တတ်သူများ ပို၍စားသုံးသင့်သည်။ ထို့ပြင် စိတ်ကို ပျော်ရွှင်စေနိုင်သည့် Serotonin ဟော်မုန်းကိုအားပေးနိုင်ပြီး အနာကျက်လွယ်စေသည့် အကျိုးကျေးဇူးများကိုပါ ရရှိနိုင်သည်။

အနှစ်ချုပ်ဆိုရသော် စတော်ဘယ်ရီသီးကို စားသုံးရန်ဝယ်ယူရာတွင် ဘေးဥပဒ်မဖြစ်စေရန် ကျန်းမာရေးအတွက်လည်း အကောင်းဆုံးဖြစ်စေရန် လတ်ဆတ်သည့်အသီးများကို ရွေးချယ်ဝယ်ယူကြရမည်ဖြစ်သည်။ ထို့ကြောင့် နီရဲတောက်ပြောင်တင်းရင်းပြီး အသီးအပေါ်တွင် လတ်ဆတ်သည့် အရွက်စိမ်းစိမ်းလေးရှိနေသော အသီးမျိုးကိုသာ ရွေးချယ်ဝယ်ယူသင့်ပါသည်။ အရောင်အဆင်းရော အရသာပါပြည့်စုံပြီး ခန္ဓာကိုယ်အတွက် ကောင်းကျိုးများစွာပေးနိုင်သည့် စတော်ဘယ်ရီသီးကို နေ့စဉ်စားသုံးပေးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# ဆီဆိုင်မြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ



ဆီဆိုင် ဇွန် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်းအတွက် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဇွန်လ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း သာမန်လျာထားသင်တန်းများအပြင် လုပ်ငန်းရှင်များဖြစ်သည်အထိ မွေးထုတ်ပေးမည့် "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း" (၇)မျိုးအနက် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းစီမံကိန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးစီမံကိန်းနှင့်အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်း စသည့်စီမံကိန်းအမျိုးအစားသုံးမျိုးကို ကျေးရွာတစ်ရွာလျှင် စီမံကိန်းတစ်ခုနှင့် ငွေကျပ် ၁၂ သန်းဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ စီမံကိန်းခြောက်ခုကို ငွေကျပ် ၇၂ သန်းဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှုရှိပြီး ဒေသခံပြည်သူများ တောင်းဆိုသည့် နည်းပညာသင်တန်းများကို အခြေခံသင်တန်း တစ်ကြိမ်၊ မွမ်းမံသင်တန်း တစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းမှတူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီရွေးချယ်ပြီး လုပ်ငန်းထူထောင်နိုင်ရန်လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ခင်မော်က သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများကိုပေးအပ်သည်။ ယင်းနောက် တာဝန်ရှိသူများသည် သင်တန်းတွင်အသုံးပြုသည့် စက်ချုပ်ပစ္စည်းများ၊ အဝတ်အထည်များကိုကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းတွင် အခြေခံစက်ချုပ်နည်းသင်တန်းကို ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁၆ ရက်အထိလည်းကောင်း၊ မွမ်းမံသင်တန်းကို ဩဂုတ်လ ၆ ရက်မှ ၂၀ ရက်အထိလည်းကောင်း စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ဆီဆိုင်မြို့နယ်အတွင်းရှိ သင်တန်းသူ ၁၂ ဦး တက်ရောက်ကြောင်း သိရသည်။ (၀၀၅)

# ကလေးမြို့နယ်၌ မိုးနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်

ကလေး ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်းဧက ၂၀၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကလေးမြို့နယ်၌ မိုးနှမ်း ၂၄၇၇၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးလျက်ရှိသည်။

ကလေးမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်သည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများရရှိခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကိုသဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေးအပြည့်အဝရရှိရေးနှင့်ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။ (၀၀၉)

# ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံပေး




ပခုက္ကူ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဇွန်လ ၁၈ ရက်နံနက်ပိုင်းတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(Pfizer JN 1)စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ထိုးနှံပေးရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ရှိ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(Pfizer JN 1)ထိုးနှံပေးလျက်ရှိရာ ဇွန်လ ၁၈ ရက်အထိ ၆၀၀ ဦး ထိုးနှံပြီးဖြစ်သည်။

ဌာနဆိုင်ရာဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဇွန်လ ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## စားသုံးအခြေခံ ဦးကြီးအားမာန်

❖ ထက်တစ်ခွင် တိမ်ထောင်ပျိုးပြီမို့
မိုန်မှောင်စိုး ပြာပြာညို
မိုးတိမ်က ပြို။
အာကာရယ် တစ်ခို
ရွာသက် နေ့ညမစဲ။
ဦးကြီးလယ် မြေဆီမခန်းဖို့
မိုးပန်းကိုကြဲ။

❖ တောင်ရပ်မှာ လေထန်မြဲပေါ့
တမည်းမည်းနှင့် တမှုန်မှုန်
ရစ်ရပ်ကယ်ဆုံ။
ဝသန္တ မုတ်သုံ
အပုန်နှင့် ရွာဖြိုး။
မြစ်တွေလျှံ ချောင်းရေပြည့်လို့
ကောင်းပေ့ သည်မိုး။

❖ တိုးပွားမပျက် အောင်ပဲ့
အိုးစားဖက် နွားညို နွားပြာ
ထွန်ရေးငင်ကာ။
လေးစပ်ကယ့် ထပ်မကွာ
မလပ်ပါ ထွန်ကြောင်း။
လုပ်အားရှင် တူပြိုင်စွမ်းသမို့
တမန်းမှာ ကောင်း။

❖ ပျိုးစိုက်ရာ စပါးမျိုးအပေါင်း
ပင်ပွားကောင်း စိမ်းစိမ်းစို
ယိမ်းကသည့် ပျို။
တိမ်ပန်းတွေ ညို့တိုတို
ဝဋ္ဋာတစ်ခို နောက်ခံပြု။

❖ အမြင်ခိုက်ပါပေ့
ရင်လှိုက်စွာ ပီတိအတွေးနှင့်
ပန်းချီဆေး မှု။

❖ တစ်မျှော်တစ်ခေါ် စိမ်းစိုမြ
အရောင်က ဝေလွင်လွင်
ရှုမဆုံးမြင်၊
စိုက်ပျိုးခဲ့ သည်လယ်တွင်
အပင်တွေ ရှင်သန်ထွား။
ပီတိဝေဆာလျက်
ဤမြေမှာ ရွှေရောင်အဆင်နှင့်
(ဦးကြီးရဲ့)
ဝင်းမှည့်စပါး။ ။

မိုးမြင့်မေ(သ.က.ဟ.အ)

# ပိဋကသုံးပုံ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအထိမ်းအမှတ် ဗီယက်နမ်အလှူရှင်များက ဆွမ်းဆန်စိမ်းကပ်လှူပူဇော်

ရန်ကုန် ဇွန် ၁၈

ဗီယက်နမ်နိုင်ငံမှအလှူရှင် ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းမှုဖြင့် ပိဋကသုံးပုံ၊ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် တိပိဋကဆရာတော်ကြီးများနှင့် တိပိဋကစာဖြေသံဃာ ၂၂၇ ပါးအား ဆွမ်းဆန်စိမ်းကပ်လှူပူဇော်ပွဲကို ဇွန်လ ၁၈ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး ဆရာတော် ဒေါက်တာစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကိုနာယူကြည်ညိုကြသည်။

ထို့နောက် ဗီယက်နမ်ဆရာတော် ဘဒ္ဒန္တသမ္မာဒိဋ္ဌိက ယနေ့အောင်ပွဲအခမ်းအနားသို့ ကြွရောက်တော်မူကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၊ တိပိဋကဓရဆရာတော်ကြီးများ၊ တိုင်းသံဃနာယကဥက္ကဋ္ဌဆရာတော်ကြီးနှင့် တိပိဋကစာမေးပွဲစာဖြေသံဃာတော်များအား တစ်နေရာတည်းဖူးမြော်ခွင့်ရသည့်အတွက် လွန်စွာပီတိဖြစ်ရပါကြောင်း၊ တပည့်တော်တို့ဗီယက်နမ်နိုင်ငံမှအလှူရှင်များစုပေါင်း၍ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ပွဲကို အောင်မြင်စွာကျင်းပလှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် တိပိဋကဓရ ဆရာတော်ကြီးများနှင့် တိပိဋကစာမေးပွဲ စာဖြေသံဃာတော်များကို လှူဒါန်းပူဇော်သော အခမ်းအနားဖြစ်ပါကြောင်း၊ တိပိဋကစာမေးပွဲစာဖြေသံဃာများ အထောက်အကူပြုစာပေများ လေ့လာဆောင်ရွက်နိုင်စေရန် ပိဋကသုံးပုံနှင့်ပတ်သက်သော ဝိနည်းပိဋကစာအုပ်ငါးအုပ်၊ သုတ္တန်ပိဋကစာအုပ်သုံးအုပ်၊ အဘိဓမ္မာပိဋက စာအုပ် ၁၂ အုပ်နှင့် ပါဠိတော်အဋ္ဌကထာစာပေများနှင့် သံဃာအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းပူဇော်ခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ဝန်းရံခ**



# သာယာဝတီမြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းဆွေးနွေး



သာယာဝတီ ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်အတွင်း ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၁၇ ရက်က အခြေခံပညာအထက်တန်းကျောင်း(စံရွေး)၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့လူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးဟူသည့်အတိုင်း ဗလငါးတန်နှင့်ပြည်စုံနေရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့လူငယ်စကားဝိုင်းများကျင်းပပေးခြင်းဖြင့် လူငယ်များ အသိပညာ ဗဟုသုတများစွာရရှိလာမည်ဖြစ်ကာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အစဉ်လေ့လာသင်ယူပြီး အများအကျိုး၊ နိုင်ငံတော်အကျိုးသယ်ပိုးထမ်းရွက်နိုင်သည့် လူငယ်လူရွယ်များဖြစ်လာသည်အထိ ကြိုးစားအားထုတ်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ကိုက လူငယ်စကားဝိုင်းများကျင်းပခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမိုး၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အခြေခံပညာအထက်တန်းကျောင်း(စံရွေး) အထက်တန်းပြဆရာဦးဝင်းမျိုးခန့်တို့ကဆောင်ရွက်ကြကာ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ စသည့် ခေါင်းစဉ်များဖြင့်ပါဝင်ဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်းသိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှလှူဒါန်းသော စာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှလှူဒါန်းသော စာအုပ်စာစောင်များနှင့်ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက်များရှင်သန်ရေးညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဆရာဟိန်းလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဝင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဝင်းနှင့် မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်တို့က မှတ်ခွန်းစကားများ ပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်းက ရပ်ကွက်စာကြည့်တိုက်များအတွက် လိုအပ်သည်များမှာကြားပြီး မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက စာကြည့်တိုက်အခြေအနေများနှင့် ဆောင်ရွက်ရန်လိုအပ်သည့်အချက်များကို ဆွေးနွေးသည်။ ယင်းနောက် ရပ်ကွက်စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ၏အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှလှူဒါန်းသည့် စာအုပ်တင်သံစင် တစ်စင်၊ ပလတ်စတစ်ထိုင်ခုံ ရှစ်လုံးနှင့် စာအုပ်စာစောင်များကို တာဝန်ရှိသူများက ထပ်ဆင့်ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် စာကြည့်တိုက်မှူးများက လက်ခံရယူကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ**

# နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ သဘာဝမြေသြဇာ EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

နတ်မောက် ဇွန် ၁၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဈေးသာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာ EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းကို ဇွန်လ ၁၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိစေရန်နှင့် ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းလွန်ကာလ အလုပ်အကိုင်ရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားလေ့လာသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားပြီးနောက် သင်တန်းနည်းပြဆရာက သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာများနှင့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းသို့ ဈေးသာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦးတက်ရောက်ကြကြောင်း သိရသည်။

**ချိုလေး**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade-12 ကျောင်းသား/ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုကြသည့် Grade -12 ကျောင်းသား/ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် Grade -12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုကြသည့် Grade -12 ကျောင်းသား/ကျောင်းသူများကိုတွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုကြသည့် Grade -12 ကျောင်းသား/ကျောင်းသူများကိုတွေ့ရစဉ်။




ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုကြသည့် Grade -12 ကျောင်းသား/ကျောင်းသူများကိုတွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် Grade -12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင် စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးကို အဓိကထား အလေးပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား/ကျောင်းသူများအား စာမေးပွဲ ပထမနေ့ကို ဇွန်လ ၁၆ ရက်မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များမှ စာစစ်ဌာန အသီးသီး၌ စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ယနေ့တွင်လည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိစာစစ်ဌာနများ၌ ကျောင်းသား/ကျောင်းသူများသည် စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိကြသည်။ သင်္ချာဘာသာရပ်ဖြေဆိုမှုအနေဖြင့် ကျောင်းသား/ကျောင်းသူဦးရေ ၆၂၇၉၂ ဦး(ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၂ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။

ထိုသို့ ကျောင်းသား/ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား/ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား/ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လျှင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့်လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် Sky Villa နေရာတွင် လျှင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သောရှင်းလင်းရန်ကျန်ရှိနေသည့် "A" အဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိသကျခီတာသီလရှင်စာသင်တိုက်နှင့် နဝလောဟာကျောင်းတိုက်များ၌ လျှင်ပြီးနောက်သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိ လျှင်ဘေးဒဏ်သင့်လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ အပြိုအပျက်များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား အချိုရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွှေဟသ်ာတိုက်သစ် ဩဝါဒါစရိယဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် အလှူရှင်များက ငွေကျပ်သိန်း (၁၀၀) အား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှဝေခဲ့သည်။

၎င်းနောက် စစ်ကိုင်းမြို့ လျှင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ စစ်ကိုင်းတောင်ရှိလျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာတွင် လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် " A " အဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေနှင့် ဖယ်ရှားရှင်းလင်းရာမှတွေ့ရှိသောပစ္စည်းများအား ပစ္စည်းလက်ခံရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုအခြေအနေများအား လည်းကောင်း၊ သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နှင့် အောင်နန်းအရှေ့ရပ်ကွက်ရှိလျှင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်အတွင်း လျှင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော တမွဝတီကျောင်း၊ အလယ်တိုက်ကြီးတို့ရှိအပျက်အစီးများအား တပ်မတော်သား စစ်သည်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၈**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က)အသင်းနှင့် မိုင်းပန်တပ်နယ် အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် ဇွန်လ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်စဉ်။

# ကျိုင်းတုံမြို့၌ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေးကွန်ပျူတာစနစ် ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်ပွဲကျင်းပ



တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေးကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၈**


တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေးကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံး၊ (၃)ထပ်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦး၊ ထိုင်းနိုင်ငံ၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နယ်စပ်ဒေသနှင့်အိမ်နီးချင်းနိုင်ငံများရေးရာရုံး၊ နယ်စပ်ရေးရာဌာန၊ ညွှန်ကြားရေးမှူး တီရာပန်ထရီပီပတ်ပါကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံမှ နည်းပညာကျွမ်းကျင်ပညာရှင်များဆိုင်ရာ ဦးဆောင်ကိုယ်စားလှယ်တစ်ဦးက အမှာစကားပြောကြားကာ တက်ရောက်လာသူများက စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များလိုက်ပါလျက် ကျိုင်းတုံမြို့၊ မြို့သစ်ရပ်ကွက်ရှိ ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သွားရောက်၍ တောမီးလောင်ကျွမ်းမှုစောင့်ကြည့်လေ့လာရေးနည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း သင်ကြားနေမှု၊ တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေး ကွန်ပျူတာစနစ်များ တပ်ဆင်ထားရှိနေမှုနှင့် အသုံးပြုပုံများကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာ့အခြေခံစီးပွားရေးကြိမ်ထည်ထုတ်ကုန်

ကိုကျော်စွာ(ကျိုက်ပိ)



ကြိမ်ပင်သည် မြန်မာမှုနယ်ပယ်တွင် အသုံးဝင်သော အပင်တစ်မျိုးဖြစ်သည်။ ကြိမ်သည် သစ်တောထွက်ပစ္စည်းတစ်မျိုးလည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် သစ်တောဖုံးလွှမ်းမှုအများဆုံးစာရင်းတွင် မြန်မာနိုင်ငံပါဝင်ခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာချက်အရ အာရှတိုက်နိုင်ငံများကို သစ်တောဖုံးလွှမ်းမှုအတန်းအစား သုံးမျိုးခွဲထားရာ မြန်မာနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ၊ လာအို၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့ကို ပထမတန်းစားသစ်တောကြွယ်ဝသောနိုင်ငံအဖြစ် သတ်မှတ်ထားသည်။ မြန်မာ့ကြိမ်ကိုလည်း အဆိုပါသစ်တောထွက်စာရင်းတွင်ထည့်သွင်းထားသည်။

**ကြိမ်အခေါ်အဝေါ်နှင့်ပုံသဏ္ဌာန်**

ကြိမ်ဟူသောစကားသည် မြန်မာစကားဖြစ်သလို မြန်မာ့ဝေါဟာရလည်းဖြစ်သည်။ ကြိမ်ပင်ကို ရုက္ခဗေဒအမည်အားဖြင့် Chlamus ဖြစ်သည်။ အဆိုပါရုက္ခဗေဒအမည်သည် ရှေးဟောင်းအီဂျစ်စကားလုံးဖြစ်ပြီး စာရေးကိရိယာအဖြစ်အသုံးပြုနိုင်သောကျူရိုးဟု အဓိပ္ပာယ်ရှိကြောင်းသိရသည်။ အင်္ဂလိပ်အမည်မှာ Cane ဟုလည်းကောင်း၊ Rattan ဟုလည်းကောင်းခေါ်ကြပြီး ကြိမ်အလုံးကြီးများကို Cane ဟုခေါ်ကာ ကြိမ်အလုံးငယ်များကို Rattan ဟု ခေါ်ကြောင်းမှတ်သားရသည်။ ကြိမ်ပင်သည် ပင်စည်သေးသွယ်သော၊ အဆစ်ပါသော၊ အဆစ်တွင် အရွက်ထွက်၍ အပင်၏အဖျားပိုင်းတွင် အရွက်စုပုံပေါက်သော အပင်မျိုးဖြစ်သည်။ ကြိမ်ပင်သည် Palm (ပမ်း)မျိုးတွင်ပါဝင်သည်။ Palm (ပမ်း)မျိုးနွယ်ဆိုသည်မှာ အထက်မှာဖော်ပြခဲ့သလို ပင်စည်သေးသွယ်သော၊ အဆစ်ပါသော၊ အဆစ်တွင်အရွက်ထွက်သော၊ အပင်အဖျားပိုင်းတွင် အရွက်စုပုံထွက်သော မျိုးနွယ်ဖြစ်သည်။

ဥပမာ-ကြိမ်ပင်၊ အုန်းပင်၊ ထန်းပင်၊ ဝါးပင်၊သင်ပေါင်းကမ္ဘာပေါ်မှာ Palm(ပမ်း) ခေါ်သောအပင်အုပ်စုဝင်ပေါင်း ၁၂၀၀ ခန့်ရှိကြောင်းသိရသည်။ ကြိမ်ပင်သည် ဆူးနှင့်အဆစ်ပါသော နွယ်ပင်ယောင်ယောင်ပင်ယောင်တစ်မျိုးဖြစ်သည်။ ကြိမ်ပင်၏မူရင်းဒေသသည် အာရှတိုက်ဖြစ်သည်။ အရွယ်အစားမှာ အများအားဖြင့် လက်သန်းလုံး၊ လက်မလုံးခန့်ရှိတတ်သည်။ နွယ်ပင်မျိုးဖြစ်၍ ရှည်လျားသည်။

**ပေါက်ရောက်ရာဒေသနှင့်**
**အသုံးများသောကြိမ်**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ၁၉၉၈ ခုနှစ်အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် ကြိမ်မျိုးရင်းကိုးမျိုးရှိသည်။ မြန်မာနိုင်ငံ၏တော၊ တောင်၊ ရေ၊ မြေသဘာဝအရ ကြိမ်ဖြစ်ထွန်းသောနိုင်ငံဖြစ်သည်။ ကြိမ်သည် မြန်မာနိုင်ငံ၏ဒေသအလိုက်ပေါက်ရောက်သော ကြိမ်အမျိုးအစားမတူပေ။

ကြိမ်နီ၊ ရေကြိမ်၊ ရမထာကြိမ်၊ တောင်ကြိမ်၊ နွားရိုက်ကြိမ်နှင့်ကြက်ဥကြိမ်တို့မှာ ချင်းတွင်းမြစ်ဝှမ်းဒေသ၌ပေါက်ရောက်သည်။ မေခနှင့်မလိခမြစ်ဝှမ်းဒေသမှာမူ ရေကြိမ်၊ ရမထာကြိမ်၊ ကြိမ်ခါး၊ ကပေါင်းကြိမ်၊ မျောက်ချေးကြိမ်၊ တောင်ကြိမ်နှင့်ရေကြိမ်တို့ပေါက်ရောက်သည်။ သိုင်းကြိမ်၊ ဝါးအူကြိမ်၊ ကြိမ်ဖန်၊ ကြိမ်နီ၊ တောင်ကြိမ်၊ ရမထာကြိမ်၊ ကပေါင်းကြိမ်၊ တုတ်ကြိမ်၊ ကြိမ်ခါးတို့သည်ပဲခူးတိုင်းဒေသကြီး၌ပေါက်ရောက်ကြသည်။ ရခိုင်ရိုးမဒေသဘက်မှာမူ ကြက်ဥကြိမ်၊ ကြိမ်ခါး၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဖြူကလေး၊ ကြိမ်ပုတ်နှင့် ကပေါင်းကြိမ်တို့ပေါက်ရောက်ကြသည်။ ကြိမ်ခါး၊ ရေကြိမ်နှင့်ကြိမ်ဖန်အများစုမှာ ရှမ်းကုန်းမြင့်ဒေသဘက်တွင် ပေါက်ရောက်ကြသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရမထာကြိမ်၊ ကပေါင်းကြိမ်၊ ရေကြိမ်၊ ကြိမ်ခါးနှင့်ကြိမ်နီတို့ပေါက်ရောက်ကြသည်။ ဒေါနတောင်တန်းဒေသဘက်မှာမူ နံ့သာကြိမ်၊ ကြိမ်ပုတ်ကြီး၊ ကြိမ်ပုတ်ငယ်၊ ကြိမ်တက်၊ ကြိမ်မဲ၊ ကပေါင်းကြိမ်၊ ရမထာကြိမ်၊ တောင်ကြိမ်၊ ဥတစ်လုံးကြိမ်၊ စတန်းကြိမ်၊ တောင်သွန်းကြိမ်၊ မြစိမ်းကြိမ်၊ စန်းသော်တာကြိမ်၊ ရေကြိမ်၊ ကလာကြိမ်စသည်တို့ပေါက်ရောက်ကြသည်။ ဖော်ပြပါဒေသများအနက် ဒေါနတောင်တန်းဒေသ၌ ကြိမ်အများဆုံးပေါက်ရောက်သည်။ အဆိုပါကြိမ်များအနက် ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဝါ၊ မြစိမ်းကြိမ်တို့သည် အများဆုံးခုတ်ယူရရှိနိုင်သော ကြိမ်များဖြစ်သည်။ မြန်မာနိုင်ငံတွင် အသုံးများသောကြိမ်အမျိုးအစားများမှာ သိုင်းကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဖြူကလေး၊ ရမထာကြိမ်၊ကပေါင်းကြိမ် ခေါ် သာပေါင်းကြိမ်၊ ကြိမ်ပုတ်၊ ကြိမ်ခါး၊ ဝါးပိုးကြိမ်၊ ကြိမ်ဖန်၊ ကြက်ဥကြိမ်တို့ဖြစ်သည်။

**ကမ္ဘာ့ကြိမ်ထုတ်ကုန်သမိုင်း**

ကြိမ်ပင်သည် သဘာဝပေါက်ပင်တစ်မျိုးဖြစ်သည်။ ခရစ်တော်မပေါ်မီနှစ်ပေါင်းတစ်ရာကျော်ကတည်းက ကြိမ်၏အသုံးဝင်ပုံနှင့်အစွမ်းသတ္တိကိုသိရှိပြီး လူသုံးကုန်ပစ္စည်းအဖြစ်တရုတ်နှင့်အိန္ဒိယက စတင်အသုံးပြုလာကြသည်။ ထို့နောက် အဆိုပါကြိမ်ထုတ်ကုန်၊ ကြိမ်ပရိဘောဂများကို ကမ္ဘာ့အနောက်ခြမ်းဒေသသို့ အိန္ဒိယကုမ္ပဏီမှ စတင်ရောင်းချခဲ့ရာမှ လူကြိုက်များပြီး ကမ္ဘာအနှံ့ပျံ့သွားခဲ့သည်။ ၁၈ ရာစုအရောက်မှာ အမေရိကန်၊ ပြင်သစ်၊ စပိန်အထိတင်ပို့ရောင်းချနိုင်ခဲ့သည်။ ကြိမ်နှင့်ကြိမ်ထည်ပရိဘောဂများ အရောင်းသွက်ခဲ့သဖြင့် ကြိမ်ဈေးကွက်ဖြစ်လာခဲ့သည်။ ကြိမ်ထုတ်လုပ်မှုနှင့် ကြိမ်ထည်ပရိဘောဂသည် ထိုအချိန်ကတည်းက ကမ္ဘာ့ဈေးကွက်ဝင်ပစ္စည်းဖြစ်ခဲ့သည်။

ထိုမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ကြိမ်ထုတ်ကုန် သို့မဟုတ် ကြိမ်ထည်ပစ္စည်းများပျံ့နှံ့ခဲ့ဟန်တူသည်။ မြန်မာနိုင်ငံမှာလည်း ယခုအချိန်အထိ ကြိမ်ထည်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

**မြန်မာ့အခြေခံစီးပွားရေး**
**ကြိမ်ထုတ်ကုန်များ**

မြန်မာလူမျိုးတို့သည် ရှေးကတည်းက လက်မှုပညာရပ်များကို လက်ဆင့်ကမ်းတတ်မြောက်လာခဲ့ကြသည်။

ထိုလက်မှုပညာရပ်များ၌ ဝါးဖြင့်ပြုလုပ်သောလက်မှုပညာ၊ အုန်းလက်ဖြင့်ပြုလုပ်သောလက်မှုပညာ၊ သံ၊ ကြေးတို့ဖြင့်ပြုလုပ်သော လက်မှုပညာ၊ အုတ်အင်္ဂတေ၊ သစ်သားတို့ဖြင့်ပြုလုပ်သောလက်မှုပညာနှင့် ယခုကြိမ်ဖြင့်ပြုလုပ်သောလက်မှုပညာတို့ဖြစ်သည်။ ကြိမ်ကိုအခြေခံ၍ တစ်နိုင်တစ်ပိုင်စီးပွားရေးမှအခြေခံစီးပွားရေးအဖြစ်လည်းလုပ်ကိုင်ကြသည်။ ကြိမ်လက်မှုပညာများအနက် မြန်မာ့ကြိမ်ခြင်းလုံးလုပ်ငန်းသည် ထင်ရှားသောအခြေခံစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သလို ထင်ရှားသောရိုးရာယဉ်ကျေးမှုလက်မှုပညာရပ်တစ်ခုလည်းဖြစ်သည်။ ခြင်းလုံးကို ကြိမ်ဖြင့်ရက်လုပ်ကြရသည်။ မြန်မာနိုင်ငံ၌ခြင်းလုံးရက်လုပ်ခြင်းသည် ကြိမ်ထုတ်ကုန်လက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ပြင် ကြိမ်ဝါးတို့ဖြင့်လည်း တင်းတောင်းရက်လုပ်ကြသည်။ ရှေးကစပါးခြင်တွယ်ရာတွင် တင်းတောင်းကိုသာ အသုံးပြုကြရသည်။ ထို့ကြောင့် တင်းတောင်းလုပ်ငန်းသည် အခြေခံစီးပွားရေးတစ်ခုဖြစ်ခဲ့သည်။ စာရေးသူတို့ငယ်စဉ်က ဘေးအိမ်ကအဘိုးတစ်ဦးဆိုလျှင် တင်းတောင်း၊ ဆန်ကော၊ ဆန်ခါများရက်လုပ်ကာ ရောင်းချ၍ အသက်မွေးသည်ကိုတွေ့ဖူးသည်။ အဆိုပါပစ္စည်းများရက်လုပ်ရာ၌ ဝါးနှင့်ကြိမ်ကို အသုံးပြုရက်လုပ်ရသည်။ မြန်မာတိုင်းရင်းသားများအနေဖြင့်လည်း ကြိမ်ဖြင့်ပြုလုပ်သောပစ္စည်းများကို အသုံးပြုကြသည်။ ခန္တီးရှမ်းတိုင်းရင်းသားတို့ လက်သုံးဓားအိမ်ကိုသစ်သားဖြင့်ပြုလုပ်ပြီး ခါးပတ်ကိုကြိမ်ဖြင့်ပြုလုပ်ကြသည်။ နာဂတိုင်းရင်းသားတို့ဆိုလျှင် ကြိမ်ဖြင့်စားပွဲအမျိုးမျိုးကိုထုတ်လုပ်ကြသည်။ လက်ဖက်ရည်ကြမ်းစားပွဲ၊ ထမင်းစားပွဲစသည်တို့ကို ထုတ်လုပ်ကြသည်။ ထို့ပြင် နာဂတိုင်းရင်းသားတို့အမြတ်တနိုးအသုံးပြုသောပစ္စည်းတစ်မျိုးလည်းရှိသည်။ ထိုပစ္စည်းကား ကြိမ်ဖြင့်ပြုလုပ်သောကြိမ်ဖျာပင်ဖြစ်သည်။ ကြိမ်ဖျာသည်အေးသည်ဟုသိရသည်။ တစ်ခါတစ်ခါ စာရေးသူတို့ဒေသဘက်သို့ အဆိုပါကြိမ်ဖျာများလိုက်လံရောင်းချကြသည်ကိုတွေ့ရသည်။ ချင်းတိုင်းရင်းသားတို့လည်း ကြိမ်ဖျာရက်လုပ်ကြသည်။ ထို့ပြင် နောင်မွန်း၊ ပန်နန်းဒင်ဒေသတို့တွင်ကြိမ်ထည်လုပ်ငန်းများကိုအိမ်တွင်းမှုလုပ်ငန်းအဖြစ်လုပ်ကိုင်ကြသည်။ ကြိမ်သေတ္တာများ၊ တောင်းများ၊ ပလိုင်းများစသည်ဖြင့်ရက်လုပ်ကြသည်။ ရဝမ်လူမျိုးတို့သည်လည်း ကြိမ်ထည်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ရဝမ်လူမျိုးတို့၏ ကြိမ်ထည်ထုတ်ကုန် ပစ္စည်းများကို တရုတ်လူမျိုးတို့နှစ်သက်ကြောင်း သိရသည်။ ထို့ပြင် နောင်မွန်း၊ ပန်နန်းဒင်ဒေသထွက်ကြိမ်ထုတ်ကုန်များကို ပူတာအိုမြို့သို့ တင်ပို့ရောင်းချကြသည်။ အဆိုပါကြိမ်ထည်ပစ္စည်းများကို ကမ္ဘာလှည့်ခရီးသည်များက အမှတ်တရဝယ်ယူလေ့ရှိကြသည်။ ဤကား မြန်မာ့ကြိမ်ထုတ်ကုန်ကို ကမ္ဘာသိနိုင်သောအဓိကအချက်တစ်ခုဖြစ်သည်။

စာရေးသူတို့ ဒေသဘက်မှာလည်း ကြိမ်ဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ရောင်းချကြသည်။ ကြိမ်ဖြင့်ပြုလုပ်သော စာအုပ်စင်များ၊ ကြိမ်ကုလားထိုင်များ၊ ကြိမ်ဖြင့်ပြုလုပ်ထားသော လူစီးဒန်းပုခက်များ၊ ကြိမ်ခေါင်းအုံးများစသည်တို့ဖြစ်သည်။ ထို့ပြင် ကျား၊ မဆောင်းကြိမ်ခမောက်များ၊ ကြိမ်ဇုန်းအမျိုးမျိုး၊ ကြိမ်ထိုင်ခုံအမျိုးမျိုး၊ ကြိမ်ဇုန်းပန်းပွင့်၊ လေးထောင့်ပုံကြိမ်ဇုန်းများ၊ ဘဲဥပုံကြိမ်ဇုန်းများ၊ ကြိမ်ဖြင့်ပြုလုပ်သည့် သစ်သီးထည့်ရန်ကြိမ်ကလပ်များ စသည်တို့ဖြစ်သည်။ ထို့ပြင် ကြိမ်ဖြင့်ပြုလုပ်ထားသော အဆင့် သုံးဆင့်ပါ လေးထောင့်၊ အဝိုင်းပုံ ပန်းကန်စင်များ၊ ကြိမ်ကုလားထိုင်များ၊ ကြိမ်ဖြင့်ပြုလုပ်ထားသော အိပ်စင်နှင့် ကြိမ်ဆွဲခြင်းအမျိုးမျိုး စသည်တို့လည်းရှိသည်။ တချို့ဧည့်ခန်းများဆိုလျှင် ကြိမ်ဆက်တီခုံအစုံချထားသည်ကိုလည်းတွေ့ရသည်။ တချို့ကြိမ်အနားကွပ်ထားသည့် မှန်တင်ခုံမျိုးနှင့်အလှပန်းခြောက်ထိုးသည့် ကြိမ်ပန်းအိုးများလည်းရှိသည်။ မြန်မာနိုင်ငံမှာ ကြိမ်ဖြင့်ပြုလုပ်သော ပရိဘောဂဆိုင်များရှိသည်။ ထိုကဲ့သို့ရှိနေခြင်းက မြန်မာ့ကြိမ်ကိုအခြေခံသောကြိမ်ထုတ်ကုန်များကိုထုတ်လုပ်လျက်ရှိကြောင်း ထင်ရှားသလို မြန်မာ့ကြိမ်ထည်ကို လူသုံးများကြောင်းလည်း ထင်ရှားသည်။ ထို့ပြင် မြန်မာ့ကြိမ်ထည်သည် ဈေးကွက်ဝင်သည်။ အဆိုပါကြိမ်ပရိဘောဂလုပ်ငန်းလုပ်ကိုင်သူများသည် မြန်မာ့ကြိမ်ကို အခြေခံစီးပွားရေးအဖြစ်လုပ်ကိုင်နေကြသူများဖြစ်သည်။ မြန်မာ့လက်မှုကြိမ်ထည်အမျိုးမျိုးရှိသည်။ ကြိမ်ထည်စာအုပ်စင်ဆိုလည်း ပုံသဏ္ဌာန်အမျိုးမျိုးရှိသည်။ အလှပန်းအိုးတင်သည့်ခုံ၊ ကြိမ်ထည်ခန်းဆီး၊ ကြိမ်ထည်မိသားစုထမင်းစားပွဲ၊ ကြိမ်ခုတင်၊ စားသောက်ဆိုင်များတွင် အလှဆင်ကြိမ်မီးဆိုင်းများ၊ ကြိမ်ဖြင့်ပြုလုပ်ထားသော အဝတ်ချိတ်များစသည်ဖြင့် အမျိုးမျိုးပြုလုပ်ထားသည်။ ဖော်ပြပါကြိမ်ထုတ်ကုန်ပစ္စည်းများသည် မြန်မာ့အခြေခံစီးပွားရေးလုပ်ငန်းပင်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာ့ကြိမ်ထည်ထုတ်ကုန်သည် ပြည်တွင်းမှာသာမက ပြည်ပအထိတင်ပို့နိုင်သော ထုတ်ကုန်တစ်မျိုးဖြစ်သည်။ ထို့ပြင် မြန်မာ့ကြိမ်ထည်ထုတ်ကုန်ပစ္စည်းများသည် ဥရောပနိုင်ငံများက အများဆုံးမှာယူသည်ဟုသိရသည်။ ပြည်တွင်းမှာဆိုလျှင် အိမ်ဧည့်ခန်းများတွင် အလှဆင်ခြင်း၊ ထိုင်ခုံများအဖြစ်အသုံးပြုခြင်း၊ ဟိုတယ်လိုနေရာမျိုး၌ အလှဆင်ရာတွင်လည်း အသုံးပြုကြသလို လူ့အသုံးအဆောင်အဖြစ်လည်း အသုံးပြုကြသည်။ ကြိမ်ပရိဘောဂပစ္စည်းအမျိုးပေါင်း ၅၀၀ ခန့်ရှိသည်ဟုလည်းသိရသည်။ ကြိမ်ပင်သည် မြန်မာလူမျိုးတို့၏လက်မှုပစ္စည်းပြုလုပ်ရာတွင် အသုံးပြုသောအဖိုးတန်အပင်ဖြစ်သလို မြန်မာလူမျိုးတို့၏ စီးပွားရေးအခြေခံထုတ်ကုန်တစ်မျိုးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## မစ္စတာကင်ချုံအီအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာကင်ချုံအီအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာကင်ချုံအီသည် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းအနေဖြင့် ၁၉၈၄ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ခေတ်သစ်ဘာသာစကားဆိုင်ရာအမျိုးသားတက္ကသိုလ်မှလည်းကောင်းဘွဲ့ရရှိခဲ့သည်။ မစ္စတာကင်ချုံအီသည် ၁၉၈၇ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနတွင် အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့်ပြည်ပတွင် ရာထူးအဆင့်ဆင့်ဖြင့်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်၊ အနောက်တောင်နှင့် သမုဒ္ဒရာနိုင်ငံများဌာနတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယခင်ဌာနတွင်ပင် ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာကင်ချုံအီအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးတွင် ဒေသဆိုင်ရာတာဝန်ခံအရာရှိအဖြစ်တာဝန်ထမ်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မူဝါဒရေးရာဌာနတွင် အကြီးတန်းအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန-၂ တွင်အကြီးတန်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန-၂ တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်။**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်။

## ကပ္ပတိန်(ရေတပ်အငြိမ်းစား)ဖြစ်သူ ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၁၉**

ကပ္ပတိန်(ရေတပ်အငြိမ်းစား) ဖြစ်သူ ဟာဂျီမိုဟာမက် ဆာရစ်ပူဒင်ဘင်မက်ဆရူဒင်အား ရန်ကုန်မြို့အခြေစိုက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

ကပ္ပတိန်(ရေတပ်အငြိမ်းစား) ဟာဂျီမိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်ကို ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ ဟာ့ဗ်ဖို့ဒ်ရှိုင်းယားတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Bangladesh University of Professionals မှ စစ်ဖက်ရေးရာလေ့လာမှုမဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။

တော်ဝင်ဘင်္ဂလားဒေ့ရှ်ရေတပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်စဉ် ကပ္ပတိန် ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်သည် ၁၉၉၇ ခုနှစ်တွင် အလုပ်သင်အရာရှိလောင်းအဆင့်မှစတင်၍ ၂၀၂၄ ခုနှစ်တွင်တော်ဝင်ဘင်္ဂလားဒေ့ရှ်ရေတပ်မတော်(ရေ) ယာယီဗိုလ်မှူးကြီးအဆင့်အထိ အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံရုံးတွင် စစ်သံမှူးအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်။

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်)စာရင်း

**အင်္ဂလိပ်စာဘာသာရပ်** — **ရက်စွဲ။ ၁၇-၆-၂၀၂၅**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၅ | ၄၉၆၇ | ၈၀၄၂ | ၆၃ | ၁၀၀ | ၁၆၃ | ၉၈.၀၁% | ၁.၉၉% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၈ | ၁၉၃၈၀ | ၃၃၇၆၈ | ၂၇၀ | ၂၀၃ | ၄၇၃ | ၉၈.၆၂% | ၁.၃၈% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၇ | ၃၆၆၅၃ | ၆၂၈၀၀ | ၄၅၄ | ၄၁၉ | ၈၇၃ | ၉၈.၆၃% | ၁.၃၇% | |

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်)စာရင်း

**သင်္ချာဘာသာရပ်** — **ရက်စွဲ။ ၁၈-၆-၂၀၂၅**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၂ | ၈၅၈၃ | ၅၆ | ၅၇ | ၁၁၃ | ၉၈.၇၀% | ၁.၃၀% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၄ | ၁၉၃၇၉ | ၃၃၇၆၃ | ၂၇၄ | ၂၀၄ | ၄၇၈ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၁ | ၃၆၆၅၁ | ၆၂၇၉၂ | ၄၆၀ | ၄၂၁ | ၈၈၁ | ၉၈.၆၂% | ၁.၃၈% | |




# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြေညာ

ရန်ကုန် ဇွန် ၁၈

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲ ခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁၈ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကိုပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားခြင်းနှင့် ပတ်သက်၍ ပျူခေတ်ဆိုင်ရာအထောက်အထားအချက်အလက်ဆွေးနွေးပွဲကျင်းပ



ရန်ကုန် ဇွန် ၁၈

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားပြုစုရေးအတွက်ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်များ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက် ဘက်စုံခန်းမဌကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖြ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ပျူခေတ် သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် လေ့လာသူပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာကိုးကားစရာအဖြစ် လွန်ခဲ့သောနှစ် ၅၀ ကျော်ကရေးသားထားသည့် **“အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း”** သာရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာသုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပခေတ်ခွဲခန်းများမှ သိပ္ပံနည်းကျသက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလသမိုင်းစဉ်သည်လည်း ပိုမို၍ရုပ်လုံးပေါ် ပြည့်စုံလာပြီဟု ယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပျူအက္ခရာ၊ ပျူစာပေ၊ ပျူအသံထွက်၊ ပျူအနုပညာ၊ ပျူဂီတ၊ ပျူအကနှင့် ဝတ်စားဆင်ယင်မှုအထောက်အထားများနှင့်ပတ်သက်၍ ပညာရှင်များပါဝင်ဆွေးနွေးရန် ဖိတ်ခေါ်သည်။


ထို့နောက် တက်ရောက်လာသူများက သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိသည့် ဟိန္ဒူဘာသာအထောက်အထားများ၊ ပျူဂီတ၊ ပျူသီချင်း၊ အကဝိသေသလက္ခဏာများနှင့် အနုသုခုမဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် ပျူခေတ်ဂီတအနုပညာဆိုင်ရာ အထောက်အထားများ၊ ပျူခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သုတေသနပြုတွေ့ရှိချက်များ၊ ပျူအက္ခရာ၊ ပျူအသံထွက်၊ ပျူစာပေဆိုင်ရာ သုတေသနပြုတွေ့ရှိချက်များ၊ ပျူခေတ်ရေအသုံးချမှု၊ ရေစီမံခန့်ခွဲမှု၊ မြို့ရိုးမြို့တာကာကွယ်ရေးစနစ်များ သုတေသနပြုတွေ့ရှိချက်များ၊ သံခေတ်နှင့် ပျူခေတ် DNA သုတေသနဆောင်ရွက်နေမှုနှင့် ကာဗွန်သက်တမ်းသုတေသနဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

◆ **အထူးမိုးလေဝသသတင်းမှ**

ယနေ့ညမှ ဇွန်လ ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြဝတီ

❒ **လေဖိအားနည်းရပ်ဝန်းမှ**

ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်ကို ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

➩ **ကျောဖုံးမှအဆက်**

ကားလမ်းတွင် GRAND STAREX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရန်ကုန်မြို့မှတစ်ဆင့် မြဝတီမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၃ ဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။ (၁၀၀)

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်မြို့ (ဟန်မြင့်မိုရ်) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့ (ဘယ်လင်း)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုနှင့် စာစစ်ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာမေးပွဲကာလအတွင်း စာသင်ရပ်နားထားသည့် ကျောင်းသား၊ ကျောင်းသူများ စာသင်ချိန်ပြည့်မီအောင် ပြန်လည်ဖြည့်ဆည်းသင်ကြားပေးရေး၊ စာသင်ဆောင်၊ ကျောင်းဆောင်များအရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ရေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခရိုင်၊ ၂၅ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၃၃၇၆၃ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်းရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၉၂ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇကျောင်းဆောင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်၊ ပုဂ္ဂလိကကျောင်းတည်ထောင်သူ ကျောင်းအုပ်ကြီးများ၊ International School တည်ထောင်သူ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခွဲ အလက(၁) ကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေး



တောင်ငူ ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင် အမှိုက်ကင်းစင်ရေးနှင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အထကောင်းများ ပေါ်ပေါက်လာစေရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားကို သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်ခွဲခြားစွန့်ပစ်သရုပ်ပြသနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်သည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တောင်ငူမြို့၌ ဖွင့်လှစ်ပေးထားသည့် MSME ဒေသထွက်ကုန် အရောင်းစင်တာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မူရင်းဈေးနှုန်းအတိုင်း အမယ်စုံရောင်းချသွားရန်နှင့် MSME အမယ်သစ်များဖော်ထုတ်၍ ဈေးကွက်ရရှိစေရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကံရိုးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကျော်စိုး၏ နို့စားကွဲကောင်ရေ ၃၀၊ နို့စားနွား ၁၀ ကောင်နှင့် ဒေသနွား ၁၀ ကောင် မွေးမြူထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသထွက်စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်မွေးမြူရေးအစားအစာထုတ်လုပ်သွားရန်၊ ထွက်ရှိလာသည့်နို့များအား ကုန်ကြမ်းအဖြစ်မရောင်းချဘဲ မလိုင်ခဲ၊ ဒိန်ချဉ်၊ နို့စိမ်း၊ နို့ဆီအစရှိသည့် ကုန်ချောနို့ထွက်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရောင်းချရန်နှင့် ဇီဝလုံခြုံရေးအား အထူးဂရုပြုဆောင်ရွက်ရန်မှာကြားခဲ့သည်။

ထို့နောက် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စုရှိ ဦးစန်းဦး၏ မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေး ပေါင်းလိုက်ခြင်း၊ တမန်းနှိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်ခြင်း သရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံ မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ ထီးလှိုင်ပန်းခြံအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး Land-scaping Design အတိုင်း အပိုင်းလိုက် စနစ်တကျဆောင်ရွက်ရန်၊ အများပြည်သူ ကျန်းမာရေးအတွက် လမ်းလျှောက်နိုင်သည့် လျှောက်လမ်းများ၊ ကျန်းမာရေးဆိုင်ရာ လေ့ကျင့်ရန်ပစ္စည်းများနှင့် ကလေးကစားကွင်းများ ထည့်သွင်းဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# Basha များနှင့် Prefabricated Office များကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၁၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Basha တည်ဆောက်ပြီးစီးမှုနှင့် Prefabricated Office တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) မိန်းဂိတ်ဝ ဘယ်၊ ညာရှိ နှစ်ခန်းတွဲလေးခန်းပါ Basha တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် သတ်မှတ်ထားသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ မိုးလုံလေလုံ နေထိုင်နိုင်စေရန်၊ ချက်ပြုတ်မည့်နေရာများ၊ ရေ၊ မီး၊ မိလ္လာသုံးစွဲမှုများအဆင်ပြေစေရန်နှင့် အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်စေရေး စီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ Prefabricated Office များ၌ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်း၊ အားကစားရုံဌာနခွဲမှ ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ - တရုတ်သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များစုစည်းမှု စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန် ဇွန် ၁၈

မြန်မာ - တရုတ်နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုဖော်ညွှန်းသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များစုစည်းမှု၊ ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ခန်းမအတွင်း တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များစုစည်းမှုစာအုပ်များ၊ မှတ်တမ်းနှင့် DVD များ ခင်းကျင်းပြသပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့မိတ်ဆက်သည့် ဇာတ်လမ်းပုံပြင်များစုစည်းမှုစာအုပ်သည် နှစ်နိုင်ငံပြည်သူများ၏နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုများကို စာအုပ်တွင် မှတ်တမ်းတင်ထားရှိပြီး များပြားလှစွာသောပြည်သူလူထုထံသို့ ပျံ့နှံ့စေရန်ဖြန့်ဝေ၍ နောင်လာနောက်သားမျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းသွားရန် ရည်ရွယ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့တွင် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာကူးလူးဆက်ဆံမှုကို ဖော်ညွှန်းသော စာပေများကို စုစည်းဆောင်ရွက်ခြင်းဖြစ်၍ အလွန်ကောင်းမွန်သော ရည်ရွယ်ချက်လည်း ဖြစ်ကြောင်း။

တရုတ် - မြန်မာ ဘာသာပြန်စာပေနှင့် ကဗျာများသည် မြန်မာနိုင်ငံတွင်လည်း ထင်ရှားပြီး တရုတ်ဂန္ထဝင်ဝတ္ထုရှည်ဖြစ်သော Dream of the Red Chamber ဝတ္ထုသည် တရုတ်နိုင်ငံ၏ကျော်ကြားသော ဂန္ထဝင်လက်ရာ စာအုပ်လေးအုပ်ထဲမှ တစ်အုပ်အနေဖြင့်ပါဝင်သည်ဟု သိရကြောင်း၊ ထိုစာအုပ်ကို ကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာကြီးမြသန်းတင့်က "ခန်းဆောင်နီအိပ်မက်" အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ၌ ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့ကြောင်း၊ ထိုဝတ္ထုကို GXR TV က ရိုက်ကူးပြသခဲ့ရာ တရုတ်နိုင်ငံ၌ ထင်ရှားကျော်ကြားသည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာဘာသာပြန်ဆိုပြသခဲ့ရာ ပရိသတ်များ နှစ်ခြိုက်သဘောကျခဲ့ကြောင်း။

ထို့ပြင် နာမည်ကျော်တရုတ်စာရေးဆရာကြီးလူရွှန်း(Lu Hsun) သည်လည်း မြန်မာစာဖတ်ပရိသတ်များနှင့် မစိမ်းသည့် စာရေးဆရာတစ်ဦးပင်ဖြစ်ကြောင်း၊ လူရွှန်း၏ စာအုပ်များစွာကို ဘာသာပြန်ဆိုခဲ့ခြင်းများရှိကြောင်း၊ Selected Works of Lu Hsun စာအုပ်ကို စာရေးဆရာကြီးစိုးမြိုင်က "လူရွှန်း၏ လက်ရွေးစင်စာပေ" ဟု ဘာသာပြန်ဆိုရေးသားခဲ့ရာ မြန်မာစာဖတ်ပရိသတ်များနှစ်သက်ကြပြီး စာရေးဆရာကြီး မြသန်းတင့်၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတို ၂၅ ပုဒ် စုစည်းထုတ်ဝေခဲ့ရာတွင် စာရေးဆရာလူရွှန်း၏စာပေများပါဝင်ခဲ့ကြောင်း၊ နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များက မြန်မာ-တရုတ်စာပေများကို ဘာသာပြန်ဆိုမှုကဏ္ဍမှကူးလူးဖလှယ်မှုကို ပိုမိုမြှင့်တင်ပြီး တိုးတက်လာစေဖို့ အတူတကွဖော်ဆောင်ကြရန်မျှော်လင့်ကြောင်း၊ ခေတ်အဆက်ဆက် လက်ချင်းယှက်ပြီး ရင်းနှီးချစ်ကြည်ခဲ့ကြသည့် မြန်မာ-တရုတ် ဆက်ဆံရေး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် သံအမတ်ကြီးမစ္စမာကျားတို့က ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ မြန်မာ-တရုတ်နှစ်ဘာသာဖြင့် ထုတ်ဝေရေးသားထားသည့်စာအုပ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာ - တရုတ်သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်း၊ ပုံပြင်များ စုစည်းမှုတွင် ယန်စီ၊ ရောဝတီကမ္ဘာတည်သရွေ့ စာမူရေးသားသူ စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူနှင့် တရုတ်နှင့်မြန်မာ ဘာသာစကားကျွမ်းကျင်သော စေတနာ့ဝန်ထမ်းအားလုံးကို ရည်ညွှန်းသောစာမူကို ရေးသားသူ Ms. Li Lili တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် မြန်မာ - တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းထားသည့် ကဗျာနှင့် ယူနန်ပြည်နယ် တိုင်းရင်းသားတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူလေးများနှင့် နားမကြားသောကလေးများ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ထာဝရချစ်ကြည်ရေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ထူးချွန်ဆု၊ တတိယဆုနှင့် ဒုတိယဆုရရှိသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကလည်းကောင်း၊ ယန်စီ၊ ရောဝတီကမ္ဘာတည်သရွေ့ စာမူရေးသားသူ ပထမဆုရရှိသည့်စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူအား ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

"ပေါက်ဖော်နှလုံးသားထဲက စကားသံ" ဇာတ်လမ်းပုံပြင်များ စုစည်းထားသည့် စာအုပ်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်မြောက်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုကို ပြသနိုင်ရန် ၂၀၂၅ ခုနှစ် မတ်လ ၁၈ ရက်က ဖိတ်ခေါ်ခဲ့ကာ ပြိုင်ပွဲဝင်များ၏လက်ရာဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများကိုစုစည်းထားပြီး ဆုချီးမြှင့်မှုအနေဖြင့် ပထမဆုတစ်ဆု၊ ဒုတိယဆု သုံးဆု၊ တတိယဆုနှစ်ဆုနှင့် အခြားဆုများကို ချီးမြှင့်ခဲ့သည်။

အဆိုပါစာအုပ်ကို အပြန်အလှန်ဖေးမကူညီခြင်း၊ မမေ့နိုင်ဖွယ် ရွှေရောင်အချိန်ကာလ၊ အတူတကွပူးပေါင်းဆောင်ရွက်မှု၊ စာပေယဉ်ကျေးမှုများ၊ အပြန်အလှန်ချိတ်ဆက်မှု၊ ပြည်သူများစိတ်နှလုံးချင်းဆက်သွယ်မှုဟူသည့်အခန်းငါးခန်းခွဲကာ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု၊ မရေမတွက်နိုင်သောရင်ခုန်ဖွယ်၊ ကြည်နူးဖွယ်ကောင်းသည့် ဇာတ်လမ်းပုံပြင်များ၊ တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး ထာဝရဆက်ခံမည့် သမိုင်းဝင်ပုံပြင်များ၊ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံရှိ အဖွဲ့အစည်းအသီးသီးမှ ချစ်ကြည်ရင်းနှီးမှု ဇာတ်လမ်းများကို စုစည်းကာ တရုတ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့်သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း၊ တရုတ်-မြန်မာ ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့်ရန်ကုန်မြို့ရှိ တရုတ်သတင်းအေဂျင်စီများမှတာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

---

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်) စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ




နေပြည်တော် ဇွန် ၁၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၇၈ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ(မနောသုခ- Export Quality)၊ ဆန်ငါးပြည်ပါ(ဖျာပုံပေါ်ဆန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးတံခွန်၊ ငါးပုတ်သင်၊ ငါးနီတူခြောက်၊ အာပုံ့ခြောက်၊ ငါးရောင်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် အမဲသား၊ ဝက်သားတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ ၊ ငါးပိ ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့် အသားတုတို့ကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Pyapon ships over 72,000 visses of sea tiger crabs to Yangon



PYAPON June 18

Up to 72,000 visses of sea tiger crabs from Pyapon Township, Ayeyawady Region, have been transported to the Yangon market said Daw Mar Mar Htay, a seafood market operator in Pyapon Township.

Pyapon Township shipped only 50,000 visses of sea tiger crabs to the Yangon market in April, and from May 1 to 31, 72,000 visses of sea tiger crabs were transported. The Yangon market is reportedly buying the said sea tiger crabs.

"Local seafood products are regularly shipped to the Yangon market. Yangon is the main market for seafood products transported from this side. In the past month, we have shipped a large number of sea tiger crabs. The prices of the exported sea tiger crabs also vary depending on the size and weight. Currently, the Yangon market is buying sea tiger crabs. It is known that sea tiger crabs from this side are being transported to other regions as well as the local market," she said. **SK**

## Plan underway to plant more than 63,000 acres of monsoon green gram in KhinU Township

KHINU June 18

KhinU Township will plant more than 63,000 acres of monsoon green gram this year, according to the KhinU Township Agriculture Department of Sagaing Region.

For the 2024-2025 monsoon cropping season, it has been planned to cultivate 63,225 acres of green gram in KhinU Township. Cultivation will begin in June of this year and continue until September.

"The target for this year's monsoon cropping season in KhinU Township is to grow over 63,000 acres of green gram. We will work to ensure that the planned acreage is fully cultivated. Regarding green gram cultivation, we are providing awareness and training for expansion of sown acreage, as well as using quality seeds to achieve good yields," said U Nay Win Naing, Head of the KhinU Township Agriculture Department.

This year, the Township Agriculture Department will support green gram farmers in KhinU by providing knowledge and guidance on using quality and region-appropriate seeds, ensuring purity of seed stock, applying proper cultivation techniques, preventing pest infestations, applying fertilizers systematically and aiming for high and quality yields.

Moreover, during this monsoon season, for the cultivation of various types of pulses, efforts will be made in collaboration with farmers to supply high-quality seeds, necessary agricultural inputs and post-harvest and storage technologies. **SK**

## Wetlet Township harvests over 2,000 acres of summer sesame



WETLET June 18

A total of 2,531 acres of summer sesame have been harvested during this year's summer crops planting season in Wetlet Township, Shwebo District, Sagaing Region, according to the statistics of the Department of Agriculture for Wetlet Township.

Wetlet Township has been able to plant 64,171 acres of summer sesame this year, and the summer sesame fields have been harvested since May this year. So far, 2,531 acres have been harvested, yielding 17.25 baskets per acre.

"This year's summer crops planting season, Wetlet Township has planted more than 60,000 acres of sesame. 2,531 acres of the planted sesame have been harvested. Harvesting is ongoing. Currently, we have expanded the area of summer sesame beyond the target. We are also working to expand the area of sesame, improve yields, and cultivate with GAP techniques," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

The Township Agriculture Department is educating farmers in Wetlet Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good varieties and high-yielding varieties. **SMK**

## Local authorities earmark cultivation of more than 120,000 acres of monsoon paddy

KALAY June 18

Statistics of Kalay Township Agriculture Department stated that local authorities have adopted a plan to grow more than 120,000 acres of monsoon paddy in Kalay Township of Sagaing Region this year.

During the 2025–2026 monsoon cropping season, it is planned to cultivate a total of 127,157 acres of monsoon paddy in Kalay Township. According to reports, the planting of these paddy fields will begin in June and continue through September of this year.

"The plan for this year's monsoon cropping season in Kalay Township is to cultivate over 120,000 acres of monsoon paddy. Efforts will be made to ensure the targeted acreage is fully cultivated. We will provide necessary technologies and high-quality paddy varieties for cultivation. Field-level support will also be provided to farmers so they can plant their paddy in a timely manner," said U Naing Tun Win, Head of the Kalay Township Department of Agriculture.

To ensure systematic and uninterrupted paddy cultivation during this year's monsoon cropping season, the relevant township agricultural department will collaborate closely with local farmers.

It is also reported that support will be provided to monsoon paddy farmers in Kalay Township, including technical agricultural training, pest prevention awareness, measures to prevent crop loss, and timely post-harvest storage of paddy under sheltered conditions.

To ensure successful cultivation and good yields from this year's monsoon paddy fields in Kalay Township, staff from the township's Department of Agriculture will carry out field activities such as selecting quality and pure seed varieties, pest control, proper weeding and thinning of different species, removal of mixed varieties, and systematic use of fertilizers. **SMK**

# Myaungmya District harvests over 300,000 acres of summer paddy



MYAUNGMYA June 18

A total of 325,418 acres of paddy planted in this year's summer crops planting season have been harvested in Myaungmya District, Ayeyawady Region, said Daw Khin Htay Myint, head of the Department of Agriculture for Myaungmya District.

In Myaungmya District, 326,595 acres of paddy were planted in this year's summer crop planting season. The summer paddy fields were harvested in the first week of April, and 325,418 acres of paddy have been harvested to date, yielding 114.59 baskets per acre of paddy.

"In order to plant summer paddy without any difficulties this year, the Department of Agriculture and local farmers have been provided with necessary inputs and agricultural technologies. As fertilizer prices are rising during the summer rice planting season, we have also conducted field visits with other agriculture-related departments to provide technical assistance in using alternative fertilizers to reduce costs and ensure the systematic use of fertilizers," she said. **SMK**

# Farmers of Katha Township to grow more than 62,000 acres of sugarcane in monsoon



KATHA June 18

Arrangements are being made to grow more than 62,000 acres of sugarcane in monsoon in Katha Township of Sagaing Region, according to the data of Katha Township Agriculture Department.

Local authorities earmarked cultivation of 62,493 acres of sugarcane in Katha Township in 2025-2026 monsoon crop cultivation season. So, farmers will start cultivation of crops in June till September. Now, they are preparing to grow sugarcane in time.

U Ko Lay, Head of Katha Township Agriculture Department unveiled: "A total of 62,493 acres of croplands will be placed under sugarcane plantations in Katha Township this monsoon. So, farmers will start their tasks in June. Our department will help farmers grow sugarcane for meeting the target cultivation."

With regard to cultivation of sugarcane, Shwebo, Kanbalu and Katha districts of Sagaing Region set larger sown acreage of sugarcane, and of them, Katha and Kanbalu districts stand top on the chart of growing sugarcane in the region.

In fact, farmers need to spend Ks-600,000 to Ks-700,000 per acre of growing sugarcane and each sown acreage produces some 30 tons of sugarcane.

Local farmers from Sagaing Region prefer to use K-95/84, Nawade-4, Formosa and Hsinshweli strains of sugarcane due to boosting per-acre yield of crops. They prioritize cultivation of rainefed and irrigated croplands for growing sugarcane. **SMK**

# Myaung Township harvests over 1,500 acres of summer paddy

MYAUNG June 18

A total of 1,524 acres of summer paddy have been harvested in Myaung Township, Sagaing District, Sagaing Region, during the summer crops planting season this year, according to the Department of Agriculture for Sagaing District.

Myaung Township has been able to plant 2,712 acres of summer paddy this year, and the summer paddy fields have been harvested since May this year. Up to now, 1,524 acres have been harvested, with an output of 84.02 baskets per acre.

"Myaung Township has planted 2,712 acres of summer paddy this year during the summer crop planting season. These planted paddy fields are currently being harvested. More than 1,500 acres have been harvested to date. Summer paddy cultivation can be expanded beyond the target acres. We provided farmers with agricultural technology, provided awareness on pest control, ensured that crops are not damaged, and informed them to bring the harvested paddy under shelter on time," said Daw Thida Lwin, head of the Department of Agriculture for Sagaing District. **SK**

# Dabayin Township to grow more than 120,000 acres of monsoon paddy this year

DABAYIN June 18

Local farmers will cultivate 120,391 acres of monsoon paddy in Dabayin Township of Sagaing Region this year, according to YeU District Agriculture Department.

For the 2025–2026 monsoon cropping season, it has been planned to cultivate 120,391 acres of monsoon paddy in Dabayin Township. The monsoon paddy cultivation will take place from June to September this year.

"This year, during the monsoon cropping season in Dabayin Township, we've planned to grow monsoon paddy across 120,391 acres. Efforts will be made to ensure the target acreage is fully cultivated. We will provide necessary technologies and quality seeds for monsoon paddy cultivation. Field assistance will be given so that farmers can grow their crops on time," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

It is also reported that the relevant township agricultural departments will collaborate with local farmers to ensure systematic cultivation of monsoon paddy without difficulties this season.

Farmers in Dabayin Township will be provided with agricultural techniques, pest and disease prevention knowledge, and awareness on how to avoid crop losses and ensure harvested paddy is properly stored in time under shelter.

To ensure the success and productivity of this year's monsoon paddy fields in Dabayin Township, the township agriculture department and its staff will carry out field-level technical support. This includes selecting high-quality and pure seeds, pest prevention, proper weeding in paddy plantations, removal of mixed varieties, and systematic use of fertilizers. **SK**

# India, Canada agree to restore stability in relationship, reinstate high commissioners



NEW DELHI June 18

India and Canada have agreed to restore stability in their relationship and reinstate high commissioners in each other's capitals, officials said Wednesday.

The two sides, in a significant move, have also agreed to resume stalled trade negotiations.

The development took place during a meeting between Prime Minister Narendra Modi and Canadian Prime Minister Mark Carney on the sidelines of the Group of Seven Summit in Canada.

"The leaders underlined the need to pursue a constructive and balanced partnership grounded in mutual respect for concerns and sensitivities, strong people-to-people ties, and growing economic complementarities. In this regard, both sides agreed to take calibrated and constructive steps to restore stability in the relationship, beginning with the early return of high commissioners to each other's capitals," a statement issued by India's foreign ministry Wednesday said.

"The leaders underscored the importance of restarting senior ministerial as well as working-level engagements across various domains to rebuild trust and bring momentum to the relationship," the statement said.

According to the ministry, the leaders also discussed the importance of restarting the stalled negotiations on the Early Progress Trade Agreement, to pave the way for a Comprehensive Economic Partnership Agreement.

This was the first in-person interaction between the two leaders since Carney assumed office following Canada's recent general elections.

New Delhi and Ottawa got engaged in a diplomatic row since September 2023 due to the murder of Hardeep Singh Nijjar, a Sikh separatist leader, near Vancouver in June that year.

**Xinhua**

# IAEA sees no proof of Iran’s nuclear weapons program

MOSCOW June 18

The International Atomic Energy Agency (IAEA) saw no evidence that Iran has a nuclear weapons program, but the situation is concerning, IAEA Director General Grossi said on Wednesday.

"I have said that no country in the world is enriching uranium at this level of 60 percent, which is technically almost equivalent of 90 percent which is needed to have a nuclear weapon. At the same time, we are inspectors, we are not political analysts or national political officials, so we have to have concrete proof in order to say that there is an active program to make a nuclear weapon, which we have not seen. That does not mean that they are in a territory which is of concern. And this is the reason why there is international concern," Grossi told Bloomberg.

The Israel Defence Forces launched a large-scale operation dubbed Rising Lion in the early hours on June 13, striking military targets and Iranian nuclear program facilities. The Israeli air force carried out several waves of attacks across Iran, including in Tehran, killing several senior Iranian military officials, including the chief of the Iranian armed forces general staff and the Islamic Revolutionary Guard Corps (IRGC) commanders, as well as several nuclear scientists. Several nuclear sites, including Natanz and Fordow, were also hit.

Iran's Supreme Leader Ayatollah Ali Khamenei called the attack a crime and threatened Israel with a "bitter and terrible fate." The IRGC retaliated by launching Operation True Promise 3 on June 13 evening, which hit military targets inside Israel.

**Sputnik**

# Russia-Thailand trade hit US$-1.8 bln in 2024, has potential for growth - Business Council

ST. PETERSBURG June 18

Trade between Russia and Thailand reached $1.8 billion in 2024, leaving room for substantial expansion, Russian-Thai Business Council representative Stanislav Sagitov said on Wednesday.

"Our mutual trade accounted for $1.8 billion. Basically, this is nothing at all," Sagitov said during the St. Petersburg International Economic Forum (SPIEF), adding that "In fact, we see a very significant potential for growth."

He clarified that Russia’s trade with other Southeast Asian countries far exceeds this figure.

Russian Minister for the Development of the Far East and Arctic Alexei Chekunkov said at the same event that the trade between Thailand and Russia is insufficient, urging more ambitious goals and conveying Moscow's readiness to supply liquefied natural gas to Bangkok.

"Relevant discussions are already underway," Chekunkov added.

The Russian city of St. Petersburg is hosting the 28th edition of SPIEF from June 18-21 under the theme of "Shared Values: The Foundation of Growth in a Multipolar World." Rossiya Segodnya international media group, Sputnik's parent company, is the forum's information partner.




**Sputnik**

# Israeli defence minister says destroyed Iran’s “internal security headquarters”

JERUSALEM June 18

Israeli Defence Minister Israel Katz said on Wednesday that Israeli Air Force fighter jets had destroyed "the headquarters of Iran's internal security forces."

The minister added Israel will continue to target "symbols of Iran's rule", without providing further details on the operation or its objectives.

His remarks came shortly after the Israeli military said its warplanes had launched a new wave of airstrikes, hitting "military targets belonging to the Iranian regime" in Tehran.

Videos circulating on social media showed plumes of smoke rising from several locations in eastern and southeastern Tehran following the blasts.

Iran's Fars news agency reported that Israel also targeted Payam International Airport, a key aviation hub for Iran near Tehran, on Wednesday. Fire and rescue teams were operating at the scene of an explosion northwest of Tehran, the agency added.

The hostilities, which began with surprise Israeli airstrikes on Iran on June 13, have so far killed nearly 600 people in Iran and 24 in Israel, according to official figures.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Urgent warning to drivers as scientists reveal essential car item is RIDDLED with germs



We toss them into bags, shove them in our pockets and drop them down the sides of seats.

But although we barely give them a second thought, car keys are riddled with infectious germs, a new study reveals.

Experts at Money Supermarket reveal car keys contain almost four times more bacteria than mobile phones and computer keyboards.

What's more, a third of drivers have never cleaned their car keys, despite a quarter on average having owned them for over five years.

The steering wheel, gearstick and dashboard are known to be high-touch areas of the car harboring bacteria, previous research has shown.

But until now, the car key's tendency to spread microscopic bugs may have been overlooked.

'Washing our hands, wiping down surfaces, scrubbing our bathrooms are common cleaning tasks,' the experts say.

'But what about those small essentials we handle multiple times a day, like our car keys?

'They're with us everywhere, from restaurant tables to gym floors, to the depths of our bags, but they're often overlooked when it comes to cleaning.

The researchers at Money Supermarket surveyed 2,000 motorists in the UK on their key cleaning habits and their type of car.

Separately, car keys were swabbed for lab analysis at Microbe Consulting Ltd, led by director Dr Joe Latimer, a microbiologist at the University of Salford.

A toilet seat – typically a household item with high bacterial contamination – was also swabbed for comparison, along with a phone and a computer keyboard.

Overall, phone screens had an average bacteria count of 66, while the computer keyboard had a slightly higher average of 68.

Car keys, meanwhile, had 241 bacteria on average – nearly four times more bacteria than the phone or computer keyboard.

Unsurprisingly, the toilet seat by far had the highest bacteria count (1,100).

But the experts fear that the amount of bacterial contamination on car keys is underestimated.

The most common bacteria species on car keys was Staphylococcus epidermidis, a natural resident of human skin.

S. epidermidis is normally harmless for healthy people but it is a major cause of life-threatening infections after surgeries in hospitals.

The bacterium is becoming increasingly dangerous due to 'antibiotic resistance' – where bacteria evolve to become immune to substances designed to kill them (antibiotics).

While a lot of the bacteria were skin-based, researchers also found that one of the keys tested showed signs of bacteria that may have originated in the gut.

'While unlikely to pose a problem, they can have the potential to carry disease under the right conditions,' said Dr Latimer.

The experts advise regularly using a soft, damp cloth and a mild soap solution to wipe down car keys, but to avoid using bleach, which can corrode or damage metals parts.

It's also important to not submerge the keys in water, as again this can cause rusting or issues with any electronic components and circuits in key fobs (the small electronic devices usually connected to a key).

Drivers are paying hundreds of pounds for key replacements – more than £900 in the case of one Fiat owner – although this is usually because they're lost or misplaced.

One in six (15 percent) of drivers don't have a spare set of car keys – leaving them stranded when they can't find them.

When it comes to car brands, Fiat drivers are the most likely not to own a spare set, with 27 percent revealing they only have one set, followed by Land Rover drivers (23 percent) and Toyota (20 percent).

The research also found that 57 percent of BMW drivers clean their car keys weekly or more often – more than any other car make.

This was followed by 55 percent for Mercedes-Benz drivers, 46 percent for Land Rover, 43 percent for Audi and 41 percent for Toyota.

The full results of the study have been published on the Money Supermarket website.

**The inside of your car has more germs than the average TOILET SEAT, study finds**

From muddy boots, sweet wrappers and used wet wipes, dumping your rubbish in your car may seem like a harmless thing to do.

But scientists reveal that the inside of your car is dirtier than the average toilet, and is home to a thriving community of harmful bacteria.

The researchers, from Aston University, took samples from car interiors with 'varied ownership histories', to establish bacterial contamination levels.

Overall, the car boot had the most bacteria, followed by the driver's seat, the gearstick and the back seat.

But all six points swabbed within the cars were shown to have more bacteria than dirty toilet seats, they found.

**How to clean your car keys**

To clean your keys, use a soft, damp cloth and a mild soap solution.

For stubborn dirt or grime, use a toothpick or cotton swab dipped in rubbing alcohol to clean crevices and between the keys.

But do not use bleach. Modern car keys, especially key fobs (the small electronic devices usually connected to a key) contain electronic components and circuits.

Bleach, a strong chemical, can corrode or damage these components, leading to malfunctions or complete failure.

It's also important to not submerge the keys into water, as again this can cause issues with any electronic components and circuits.

**Mail Online**

# 6G နည်းပညာသုံး အီလက်ထရွန်နစ်လက်နက် အဆင့်မြင့်ရေဒါကိုတောင် ရှောင်ကွင်းနိုင်

အီလက်ထရွန်နစ်စစ်ဆင်ရေးဆိုတာ အနာဂတ်စစ်ပွဲတွေမှာမရှိမဖြစ်ပါဝင်လာမယ့် စစ်ဆင်ရေးတစ်မျိုးဖြစ်ပါတယ်။ အဲဒီစစ်ဆင်ရေးက အင်မတန်မှလည်း အဆင့်မြင့်မားပြီး ထိရောက်မှုပမာဏကလည်း ပြင်းထန်လွန်းပါတယ်။



အခုတရုတ်နိုင်ငံမှသိပ္ပံပညာရှင်များက 6G ဆက်သွယ်ရေးနည်းပညာကိုအသုံးပြုထားတဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးလက်နက်စနစ်တစ်မျိုးကို ဖန်တီးတီထွင်လိုက်ပါတယ်။ ဒီလက်နက်စနစ်က လက်ရှိအသုံးပြုနေတဲ့ ခေတ်မီစစ်သုံးရေဒါများထက် ပိုမိုစွမ်းအားပြင်းတယ်လို့ တီထွင်သူများကပြောပါတယ်။

တရုတ်နိုင်ငံဆိုတာ 6G နည်းပညာမှာ ကမ္ဘာ့ထိပ်တန်းသို့ရောက်ရှိနေတဲ့နိုင်ငံကြီးတစ်ခုဖြစ်ပါတယ်။ South China Morning Post သတင်းဌာနရဲ့ထုတ်ပြန်ချက်အရဆိုရင် တရုတ်နိုင်ငံက 6G နည်းပညာနဲ့ပတ်သက်လို့ မူပိုင်ခွင့်အများဆုံးတင်ထားတဲ့နိုင်ငံတစ်ခုဖြစ်တယ်လို့သိရပါတယ်။

အခု 6G နည်းပညာသုံး လက်နက်စီမံကိန်းကို တရုတ်နိုင်ငံရှိ ဟွကျောင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ပါမောက္ခတိန့်လိုင်ဦးဆောင်တဲ့ ပညာရှင်များက ဖန်တီးထားတာဖြစ်ပြီး မထင်ရလောက်အောင် များပြားတဲ့ ဆက်သွယ်ရေးစွမ်းဆောင်ရည်များနဲ့ လှိုင်းနှုန်းဖျက်နိုင်စွမ်း၊ လှိုင်းနှုန်းဖျက်မှုမှ ရှောင်ကွင်းနိုင်စွမ်းတို့ရှိတယ်လို့ ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် ဒီစနစ်က Northrop Grumman ရဲ့ AN/APG-85 အဆင့်မြင့်ရေဒါစနစ်ကို အဓိကပစ်မှတ်ထားတယ်လို့ဆိုပါတယ်။ အဲဒီရေဒါစနစ်ကို F-35 ကိုယ်ပျောက်တိုက်လေယာဉ်မှာ အသုံးပြုထားတာပါ။ ဒီစနစ်က ၁၂ ဂစ်ဂါဟတ်အထိရှိတဲ့ လှိုင်းနှုန်းများနဲ့ X-band မှာ အသုံးပြုထားတာဖြစ်ပါတယ်။

ရေဒါရှောင်ကွင်းနိုင်တဲ့စွမ်းဆောင်ရည်ပိုင်းမှာဆိုရင်လည်း ဒီစနစ်က ရန်သူ့လေယာဉ်မှူးများကိုစိတ်ရှုပ်ထွေးစေမယ့် ပစ်မှတ်အတုပေါင်း ၃၆၀၀ ကျော်ကိုဖန်တီးပေးနိုင်စေပါတယ်။ သူ့မှာရှိတဲ့တခြားစွမ်းဆောင်ရည်တွေထဲမှာ မြေပြင်အခြေပြုလှိုင်းနှုန်းဖျက်စနစ်၊ မြန်နှုန်းမြင့်ဆက်သွယ်ရေးဗဟိုချက်၊ ဖန်ကြိုးမျှင်လေးတွေကနေတစ်ဆင့် သက်ဆိုင်ရာဆက်စပ်ကိရိယာပေါင်း ၃၀၀ ကျော်ဆီကို အလွန်များပြားလှတဲ့ တိုက်ပွဲသတင်းအချက်အလက်တွေပေးပို့သူအဖြစ် တာဝန်ထမ်းဆောင်နိုင်ခြင်းပါဝင်ပါတယ်။

တရုတ်သိပ္ပံပညာရှင်များက သူတို့ရဲ့နည်းပညာအဆင့်မြှင့်တင်နိုင်ဖို့အတွက် ဖိုတွန်နဲ့အီလက်ထရွန်တို့ကိုပေါင်းစပ်ပြီး မိုက်ခရိုဝေ့ဖိုတွန်နစ်စနစ်ကိုဖန်တီးကာ အီလက်ထရွန်နစ်ရဲ့ကန့်သတ်ချက်တွေကို ကျော်လွှားသွားတာဖြစ်ပါတယ်။

သမားရိုးကျစနစ်တွေက လုပ်ငန်းတစ်ခုတည်းကိုသာ အာရုံစိုက်လုပ်ဆောင်နိုင်ပေမယ့် အခုစနစ်ကတော့ အာရုံခံခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနဲ့ ထုတ်လွှင့်ခြင်းဆိုတဲ့ လုပ်ငန်းတွေကို စွမ်းအင်ပမာဏအနည်းဆုံးအသုံးပြုပြီး ပေါင်းစပ်လုပ်ဆောင်နိုင်စွမ်းရှိတာဖြစ်ပါတယ်။

သုတေသနပညာရှင်များရဲ့လေ့လာတွေ့ရှိချက်အရဆိုရင် အလွန်မြင့်မားလှတဲ့ဆက်သွယ်ရေးအမြန်နှုန်းနဲ့ လှိုင်းနှုန်းဖိဖျက်မှုစွမ်းရည်တွေကို တစ်ချိန်တည်းတစ်ပြိုင်တည်းရရှိစေနိုင်မယ့် ကမ္ဘာ့ပထမဆုံးသော အတည်ပြုနိုင်တဲ့စနစ်တစ်ခုဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

နောက်တစ်ခုက 6G နည်းပညာကိုတိုးတက်ထွန်းကားအောင် ဖန်တီးနိုင်ခြင်းက ဆက်သွယ်ရေးစနစ်၊ ရေဒါစနစ်နဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တို့ရဲ့လုပ်ဆောင်ချက်တွေကို တစ်နေရာတည်းမှာပေါင်းဆုံမိစေတာဖြစ်တယ်လို့ Acta Optica Sinica ဂျာနယ်မှာ သုတေသနပညာရှင်များက ရေးသားဖော်ပြထားတာ တွေ့ရှိရပါတယ်။

**Ref: IE**

**ကိုထက်**

# ကျင်ငယ်ရည်ဖြင့် သွားတု၊ အရိုးတုများကိုဖန်တီးနိုင်

မိမိတို့ခန္ဓာကိုယ်မှထွက်ရှိတဲ့ ကျင်ငယ်ရည်ကိုစွန့်ပစ်ပစ္စည်းအဖြစ်သာ သတ်မှတ်ထားပေမယ့် တကယ်တမ်း သုတေသနပြုမှုတွေနဲ့အတူ အသုံးပြုတတ်မယ်ဆိုရင် တန်ဖိုးကြီးမားလှတဲ့အရာတွေကို ဖန်တီးပေးနိုင်စေမယ့်အရာဖြစ်ပါတယ်။ အဲဒါတွေထဲမှာ ဆေးဘက်ဆိုင်ရာအသုံးပြုနိုင်တဲ့ပစ္စည်းများလည်းပါဝင်ပါတယ်။

ကယ်လီဖိုးနီးယားတက္ကသိုလ်မှသုတေသနပညာရှင်များက တခြားအမေရိကန်၊ ဂျပန်ပညာရှင်များနဲ့ပူးပေါင်းပြီး ကျင်ငယ်ရည်ကို ဟိုက်ဒရောဆီယာပတ်တိုက်သို့ ပြောင်းလဲပေးမယ့် တဆေးအတုစနစ်ကို ဖန်တီးလိုက်နိုင်ပါတယ်။ ဟိုက်ဒရောဆီယာပတ်တိုက်ဆိုတာ သွားတုတွေ၊ အရိုးတုတွေထုတ်လုပ်ရာ၊ ရှေးဟောင်းပစ္စည်းတွေကို တူးဖော်ထိန်းသိမ်းရာနဲ့ ဇီဝနည်းအရဆွေးမြည့်နိုင်တဲ့အရာတွေဖန်တီးရာမှာ ကျယ်ပြန့်စွာအသုံးပြုလျက်ရှိတဲ့ ကယ်ဆီယံဖော့စဖိတ်သတ္တုဖြစ်ပါတယ်။

ပညာရှင်များက အခုတီထွင်လိုက်တဲ့နည်းပညာဟာ ခဲတစ်လုံးနဲ့ငှက်နှစ်ကောင်ပစ်ခြင်း ဒါမှမဟုတ် တစ်ချိန်တည်းမှာရည်မှန်းချက်နှစ်ခုကိုအောင်မြင်ခြင်းပင်ဖြစ်ပါတယ်။ အကြောင်းရင်းကတော့ တစ်ဖက်မှာ စွန့်ပစ်ပစ္စည်းများကိုအလဟဿမဖြစ်စေခြင်းနဲ့ အခြားတစ်ဖက်မှာတော့ စီးပွားဖြစ်အသုံးပြုနိုင်တဲ့ ကုန်ကြမ်းပစ္စည်းများကိုပြန်လည်ထုတ်လုပ်ပေးနိုင်ခြင်းဖြစ်ပါတယ်။ အခုလိုအသုံးဝင်တဲ့အရာတွေထွက်ပေါ်လာစေဖို့အချိန်ယူရတာက တစ်ရက်တာမျှသာဖြစ်တာကြောင့် ငွေကြေးကုန်ကျမှုနဲ့ အချိန်ကြာမြင့်မှုကိုသက်သာစေပါတယ်။

**Ref: IE**

**ကိုထက်**





# ဟွန်ဒါက ပြန်သုံးနိုင်သော ဒုံးပျံကို အောင်မြင်စွာစမ်းသပ်နိုင်

ဂျပန်နိုင်ငံမှ ဟွန်ဒါကုမ္ပဏီဆိုတာ မော်တော်ကားတွေ၊ ဆိုင်ကယ်တွေ၊ အင်ဂျင်တွေကိုသာထုတ်လုပ်တဲ့ကုမ္ပဏီကြီးတစ်ခုဖြစ်ပါတယ်။ အခု သူတို့ကုမ္ပဏီက လူအများအံ့သြသွားစေမယ့်လုပ်ဆောင်ချက်တစ်ခုကို ထုတ်ဖော်ပြသလိုက်ပါတယ်။

အဲဒါကတော့ ပြန်သုံးနိုင်တဲ့ ဒုံးပျံကို လက်တွေ့အောင်မြင်စွာစမ်းသပ်လိုက်နိုင်တာပါ။ သူတို့ရဲ့စမ်းသပ်မှုမှာ ဒုံးပျံကိုလွှတ်တင်မှုနဲ့ အဲဒီဒုံးပျံက အောင်မြင်စွာပြန်လည်ဆင်းသက်မှုတို့ပါဝင်ပါတယ်။ ဒီလိုမျိုးစမ်းသပ်မှုက ဟွန်ဒါကုမ္ပဏီအနေနဲ့ပထမဆုံးအကြိမ်ဖြစ်ပြီး ပထမဆုံးသော အောင်မြင်မှုလည်းဖြစ်ပါတယ်။

ဟွန်ဒါကုမ္ပဏီက ပြန်သုံးနိုင်တဲ့ဒုံးပျံကို ကိုယ်ပိုင်နည်းပညာနဲ့ ကိုယ်တိုင်ဖန်တီးထုတ်လုပ်ထားတာပါ။ အလျားအားဖြင့် ၂၀ ဒသမ ၆ ပေ၊ အချင်းက ၃၃ ဒသမ ၄ လက်မနဲ့ အလေးချိန်က ၁၉၈၄ ပေါင်ရှိပါတယ်။ ရှေ့ပြေးပုံစံဖြစ်တဲ့ အဲဒီစမ်းသပ်ဒုံးပျံက အမြင့်ပေ ၈၈၉ ပေအထိကိုတက်သွားပြီး မြေပြင်ကိုမတိမ်းမစောင်းဘဲပြန်ဆင်းသက်နိုင်တာပါ။ ဒါဟာအနာဂတ်ရဲ့ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်မှုမှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ပါဝင်လာမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# အိန္ဒိယက ပါကစ္စတန်နှင့်ဆက်ဆံရေးပြေလည်စေရန် တတိယနိုင်ငံ၏ကြားဝင်မှုကို မည်သည့်အခါမျှလက်ခံမည်မဟုတ်

**နယူးဒေလီ၊ ဆက်ဆံရေး**

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးပြေလည်စေရန် တတိယနိုင်ငံ၏ကြားဝင်ဖျန်ဖြေမှုကို မည်သည့်အခါမျှ လက်ခံမည်မဟုတ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကိုပြောသည်။

ထရမ့်က ကနေဒါနိုင်ငံ၌ကျင်းပသော G-7 ထိပ်သီးအစည်းအဝေးမှ အချိန်မတိုင်မီ ထွက်ခွာလာပြီးနောက် ဇွန်လ ၁၇ ရက်တွင် မိုဒီနှင့် ၃၅ မိနစ်ကြာဖုန်းပြောစဉ် မိုဒီက ၎င်း၏ရပ်တည်ချက်နှင့်ပတ်သက်၍ ပိုမိုခိုင်မာအောင်ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ဝန်ကြီးချုပ်မိုဒီက ကြားဝင်ဖျန်ဖြေမှုကိုဘယ်တော့မှလက်မခံဖူးသလို လက်ရှိမှာလည်း လက်မခံဘဲ နောင်တွင်လည်း လက်ခံသွားမည်မဟုတ်ကြောင်းကို အခိုင်အမာပြောခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံမှာ နိုင်ငံရေးစည်းလုံးမှုက အပြည့်အဝရှိပြီးသားပါ" ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗစ်ကရမ်မစ်စရီက ဇွန်လ ၁၈ ရက်တွင်ပြောသည်။

ထရမ့်နှင့်မိုဒီတို့ကြား ဖုန်းဆက်စကားပြောရန် အမေရိကန်ဘက်က စတင်ဖုန်းခေါ်ခြင်းဖြစ်ကြောင်း၊ ထရမ့်ကမိုဒီကို အမေရိကန်နိုင်ငံသို့လာရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ သို့သော် လက်ရှိဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များရှိနေသေးသည့်အတွက် မိုဒီက ထရမ့်၏ဖိတ်ခေါ်မှုကို ငြင်းဆိုလိုက်ကြောင်း ဗစ်ကရမ်မစ်စရီက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ကြား ပြီးခဲ့သည့်လတွင် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာနေစဉ်မိုဒီကယခုကဲ့သို့ ပြောလာခြင်းဖြစ်သည်။ အဆိုပါနှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲသွားသည့်အချိန်တွင် ထရမ့်က၎င်း၏ကြားဝင်မှုကြောင့်သာ အပစ်အခတ်ရပ်စဲခြင်းဖြစ်သည်ဟုပြောထားသော်လည်း မိုဒီဘက်ကငြင်းဆိုထားကြောင်းသိရသည်။

Ref: RT



# လီဝိုတိုဘီမီးတောင်ပေါက်ကွဲမှုကြောင့် ပြည်သူများကိုဘေးကင်းရာသို့ ပြောင်းရွှေ့ပြီး လေယာဉ်ခရီးစဉ်များဖျက်သိမ်း

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နျူဆာတန်ဂါရာပြည်နယ်ရှိ လီဝိုတိုဘီမီးတောင်ပေါက်ကွဲမှုကြောင့်ဒေသခံပြည်သူများစွာကို ဘေးကင်းရာသို့ပြောင်းရွှေ့ပြီး လေယာဉ်ခရီးစဉ်များကိုဖျက်သိမ်းလိုက်ရကြောင်း တာဝန်ရှိသူများက ဇွန်လ ၁၈ ရက်တွင်ပြောသည်။



မီးတောင်ပေါက်ကွဲမှုသည် ဇွန်လ ၁၇ ရက်တွင်ဖြစ်ပွားခြင်းဖြစ်သော်လည်း ဇွန်လ ၁၈ ရက်အထိ လှုပ်ရှားမှုရှိနေဆဲဖြစ်ကြောင်းနှင့် တောင်စောင်းရှိကျေးရွာများအပေါ် ပြာများကျဆင်းနေဆဲဖြစ်ကြောင်း သဘာဝဘေးလျော့ပါးရေးဌာနက ထုတ်ပြန်ထားသည်။

မီးတောင်စတင်ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ပြာများသည် အမြင့် ၁၀ ကီလိုမီတာအထိရောက်ရှိကြောင်း၊ ထို့ကြောင့်အရေးပေါ်လေကြောင်းသတိပေးချက်များကို ထုတ်ပြန်လိုက်ရကြောင်း၊ ဇွန်လ ၁၈ ရက်ပေါက်ကွဲမှုမှာ အင်အားနည်းပြီး ပြာများကအမြင့် ၁ ကီလိုမီတာအထိသာရောက်ရှိကြောင်းသိရသည်။ Ref: Xinhua

# ကနေဒါနှင့်အိန္ဒိယ ဆက်ဆံရေးပြန်တည်ဆောက်မည်

**နယူးဒေလီ၊ ဆက်ဆံရေး**

ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တည်ဆောက်ရန်သဘောတူလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဇွန်လ ၁၈ ရက်တွင်ပြောသည်။ ထို့ပြင် ရပ်ဆိုင်းနေသော ကုန်သွယ်ရေးဆွေးနွေးမှုများကိုလည်း ပြန်လုပ်သွားမည်ဖြစ်သည်။

ကနေဒါနိုင်ငံဝန်ကြီးချုပ်မာ့ကာနေးနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့က G-7 ထိပ်သီးအစည်းအဝေး၏ဘေးပန်းတွေ့ဆုံမှု၌ ယခုကဲ့သို့သဘောတူခြင်းဖြစ်သည်။ မာ့ကာနေးက ဝန်ကြီးချုပ်ရာထူးကို ရရှိပြီးနောက် အိန္ဒိယဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။ ထိုနှစ်နိုင်ငံသည် ၂၀၂၃ ခုနှစ်စက်တင်ဘာလကတည်းက ဆက်ဆံရေးယိုယွင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Ref: Xinhua

## သတင်းတိုကဏ္ဍ

# ရုရှား၏ ခု(စ်)ဒေသသို့ မြောက်ကိုရီးယားက အင်ဂျင်နီယာစစ်သည်များစေလွှတ်ပေးမည်

မြောက်ကိုရီးယားနိုင်ငံသည် ရုရှား၏ ခု(စ်)ဒေသ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အင်ဂျင်နီယာစစ်သည် ထောင်ပေါင်းများစွာကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂျီရှွိုင်ဂူက ဇွန်လ ၁၇ ရက်တွင်ပြောသည်။

ယခုကဲ့သို့ အင်ဂျင်နီယာစစ်သည်များ စေလွှတ်ပေးခြင်းသည် နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူစာချုပ်အရ ရုရှားနိုင်ငံသို့ မြောက်ကိုရီးယားနိုင်ငံက ကူညီပေးခြင်းဖြစ်ကြောင်း ဆာဂျီရှွိုင်ဂူကပြောသည်။

ဆာဂျီရှွိုင်ဂူသည် မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်နှင့်တွေ့ဆုံပြီးနောက် ယခုသဘောတူညီချက်ကိုရရှိခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားစစ်သည်များသည် ရုရှားဘက်မှ ပါဝင်ကူညီတိုက်ပွဲဝင်ပေးခြင်းကြောင့် ခု(စ်)ဒေသက ယူကရိန်းတို့လက်မှလွတ်မြောက်လာခြင်းဖြစ်ကြောင်း ဆာဂျီရှွိုင်ဂူကပြောထားသည်။ Ref: RT

# ဟွန်ဆန်နှင့်ထိုင်းဝန်ကြီးချုပ်တို့ ဖုန်းပြောသည့်အသံဖိုင် ထွက်ပေါ်လာ၊ နှစ်နိုင်ငံတင်းမာမှုကိုပိုမိုမြင့်မားလာစေ

ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်းဖြစ်သည့် ဟွန်ဆန်နှင့် ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်တို့ကြား ဖုန်းပြောထားသည့်အသံဖိုင်ထွက်ပေါ်လာပြီးနောက် နှစ်နိုင်ငံကြားဖြစ်ပေါ်နေသည့် တင်းမာမှုကိုပိုမိုမြင့်မားလာစေကြောင်းသိရသည်။

အဆိုပါဖုန်းပြောမှုကို ဇွန်လ ၁၅ ရက်တွင် လုပ်ဆောင်ခြင်းဖြစ်ပြီး ဇွန်လ ၁၈ ရက်တွင် အသံဖိုင်ထွက်ပေါ်လာခြင်းဖြစ်ရာ ထိုသို့ပြောဆိုထားသည်မှာလည်း မှန်ကန်ကြောင်း နှစ်ဖက်စလုံးကအတည်ပြုထားသည်။

ထိုအသံဖိုင်တွင် ထိုင်းဝန်ကြီးချုပ်က ၎င်းအနေဖြင့် ပြည်တွင်းဖိအားများကို ရင်ဆိုင်နေရကြောင်းနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်း၏ပြောဆိုမှုများကိုနားမထောင်ရန် ဟွန်ဆန်ကိုတိုက်တွန်းထားကြောင်း တွေ့ရသည်။ ယင်းအသံဖိုင်ပေါက်ကြားမှုသည် ဟွန်ဆန်က အသံဖမ်းထားသည့် ထိုစကားပြောဆိုမှုကို မျှဝေလိုက်သော နိုင်ငံရေးသမား ၈၀ အနက် တစ်ဦး၏ လုပ်ဆောင်ချက်ဖြစ်ကြောင်းကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်းကပြောထားသည်။

Ref: AGC

# အစ္စရေးနှင့်အီရန်တို့ကြား ပဋိပက္ခမြင့်တက်မှုနှင့်အတူ ကမ္ဘာ့ရေနံဈေးနှုန်း ဆက်လက်မြင့်တက်လာ

အစ္စရေးနိုင်ငံနှင့် အီရန်နိုင်ငံတို့ကြား ဖြစ်ပွားနေသော ပဋိပက္ခမြင့်တက်မှုနှင့်အတူ ကမ္ဘာ့ရေနံဈေးနှုန်းလည်း ဆက်လက်မြင့်တက်လာလျက်ရှိကြောင်းသိရသည်။

ဇွန်လ ၁၇ ရက် ကမ္ဘာ့ရေနံဈေးနှုန်းသည် ပျမ်းမျှအားဖြင့် ၅ ရာခိုင်နှုန်းနီးပါးမြင့်တက်လာသည်ကိုတွေ့ရသည်။ ဘရန့်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ကာ ၇၆ ဒသမ ၄၅ ဒေါ်လာအထိရောက်ရှိလာသည်။ အဆိုပါပမာဏသည် ပြီးခဲ့သည့်သီတင်းပတ်တွင် အစ္စရေးနှင့်အီရန်တို့ကြား ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက်ပိုင်း ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်သည်။

ထို့အတူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံနှင့်ပတ်သက်၍ တင်းမာမှုပိုမိုမြင့်တက်စေမည့် မှတ်ချက်ပြုစကားပြောပြီးနောက် ရေနံဈေးနှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

အထူးသဖြင့် ရေနံဈေးကွက်က ဟော်မုဇ်ရေလက်ကြားတွင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအပေါ်မူတည်၍ ပိုမိုစိုးရိမ်နေရကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောထားသည်။ Ref: RT

# ဒဏ်ခတ်ပိတ်ဆို့ခြင်းက တစ်လမ်းမောင်းမဟုတ်ဟု ထရမ့်ပြော

နိုင်ငံတစ်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ခြင်းသည် အမေရိကန်နိုင်ငံကို စီးပွားရေးအရများစွာဆုံးရှုံးစေနိုင်ပြီး လွယ်ကူသည့်လုပ်ငန်းတစ်ခုမဟုတ်သည့်အပြင် တစ်လမ်းမောင်းသွားသည့်ပုံစံဖြစ်မနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောသည်။

ထို့ပြင် ၎င်းအနေဖြင့် ရုရှားနိုင်ငံအပေါ် ပြင်းထန်သောဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ရန် အသင့်မဖြစ်သေးကြောင်း၊ ရုရှားနိုင်ငံကို နောက်ထပ်ချမှတ်မည့်ဒဏ်ခတ်ပိတ်ဆို့မှုများသည် အမေရိကန်နိုင်ငံ၏ စီးပွားရေးကို များစွာဆုံးရှုံးနိုင်စေမည်ဖြစ်ကြောင်း ထရမ့်ကပြောသည်ဟု Bloomberg သတင်းဌာနက ဇွန်လ ၁၇ ရက်တွင် ဖော်ပြထားသည်။

အလားတူ လွှတ်တော်ကရေးဆွဲထားသည့် ရုရှားအပေါ် ဒဏ်ခတ်ပိတ်ဆို့ရေးဥပဒေမူကြမ်းအရ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုပါ ယိုယွင်းစေနိုင်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။ Ref: RT

# ကျွန်းစုမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျွန်းစု ဇွန် ၁၈

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၁၈ ရက်တွင် အမှတ် (၁) ရပ်ကွက် မြို့အဝင်ဆိပ်ခံတံတား၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းနိုင်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရေးနှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဇာတ်တိုက်လေ့ကျင့်သရုပ်ပြရာတွင် ရှေးဦးစွာ မြို့အဝင် ဆိပ်ခံတံတားရှေ့ရေပြင်အတွင်း စက်လှေတစ်စင်းတိမ်းမှောက်နေကြောင်း ပြည်သူတစ်ဦးက သတင်းပေးပို့သည်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းနိုင်ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် မိတ်ဖက်အဖွဲ့အစည်းများအား အကြောင်းကြားပြီး ရှာဖွေကယ်ဆယ်ရေးရေယာဉ်များဖြင့် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကာ ရေနစ်မြုပ်နေသူများအား ရှာဖွေကယ်ဆယ်၍ အသက်ကယ်လှေများပေါ်၌ ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီး ကမ်းနားသို့သယ်ဆောင်လာကြသည်။

ထို့နောက် ဆိပ်ခံတံတားပေါ်၌ လူနာများအား မြေပြင်အသက်ကယ်အဖွဲ့မှ လက်ခံရယူပြီး ရှေးဦးပြုစုခြင်းကို ဆက်လက်ဆောင်ရွက်ကာ လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်



ရဲတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးရေယာဉ်များ၊ လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး တို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ငှက်ပျောကေ ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေ စိုက်ပျိုးပြီးတဲ့ငှက်ပျောတွေ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ လိုအပ်တဲ့စိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီဒေသမှာ တောင်သူတွေက ဖီးကြမ်း၊ ရခိုင်၊ ငှက်ပျောချဉ်၊ သီးမွှေး စတဲ့မျိုးတွေကို အများဆုံးစိုက်ပျိုးကြပြီး တချို့တောင်သူတွေဆိုရင် လယ်ကန်သင်းတွေမှာပါ စိုက်ပျိုးလာကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ငှက်ပျောစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ကေလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်အထိစိုက်ပျိုးကြပြီး တစ်ကေလျှင် စိုက်ပျိုးစရိတ် ငွေကျပ် သိန်း ၂၀ ဝန်းကျင် ကုန်ကျမှုရှိကာ ငှက်ပျောသီးချိန်တွင် တစ်ကေလျှင် ငွေကျပ် သိန်း ၅၀ ခန့် အထိရရှိကြကြောင်း၊ ယခုနှစ်တွင် ငှက်ပျောဈေးကွက်ကောင်းမွန်နေသဖြင့် တိုးချဲ့စိုက်ပျိုးသူများလာကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# လှည်းကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၇ ရက်က လှည်းကူးမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်က လူငယ်များ အသိပညာဗဟုသုတပိုမိုရရှိစေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် လှည်းကူးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်တင်တင်အေးတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး လှည်းကူးမြို့ အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မနန်းထက်သဇင်က လူငယ်နှင့်ယဉ်ကျေးမှု၊ မမေသဇင်ခိုင်က လူငယ်နှင့်အဂတိ၊ မောင်နေတိုးလင်းက လူငယ်နှင့်နည်းပညာ၊ မောင်ရဲရင့်အောင်က လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ မအိမ့်ဖူးငယ်က လူငယ်နှင့်စာရိတ္တ၊ Grade-9 မှ မောင်စစ်မင်းသန့်က လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးပြီး လူငယ်စကားဝိုင်းသို့တက်ရောက်လာကြသောကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

